ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့၊ (18-6-2015) (၈၂၃၅)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

# ရန်ကုန်နှင့် မန္တလေးမြို့များတွင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာနများ တည်ဆောက်မည်

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တောင်သူပညာပေး ဧက ၅၀၀ စိုက်ခင်းရှိ အဆင့်မြင့် သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံရာ၌နိုင်ငံတော်သမ္မတက နိုင်ငံတော်ကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ စိတ်ချမ်းသာပျော်ရွှင်အောင် အနုပညာမှတစ်ဆင့် ဆောင်ရွက်ပေးရန်လည်း မိမိတို့တွင် တာဝန်ရှိပါကြောင်း၊ ယဉ်ကျေးမှုအနုပညာများ၏ အဆင့်အတန်းသည်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် စံတစ်ခုပင်ဖြစ်ပါကြောင်း၊ အနုပညာအဆင့်အတန်း မြင့်မားစေရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု အပါအဝင် ပန်း(၁၀)မျိုးကို မြှင့်တင်ပေးရန် လိုပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အရေးကြီးသကဲ့သို့ အနုပညာရှင်များလည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု ပြပွဲများကို တစ်နှစ်ပတ်လုံး တင်ဆက်နိုင်မည့် အနုပညာဗဟိုဌာနတစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ ထိုဗဟိုဌာနများ၏ စီမံခန့်ခွဲမှုကိုမူ အနုပညာရှင်များပါဝင်သည့် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းက တာဝန်ခံ ဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆




## စက်သုံးဆီနှင့် စားသုံးဆီသွင်းကုန်များအတွက် နိုင်ငံခြားငွေကို ဗဟိုဘဏ်က အကန့်အသတ်မရှိ ရောင်းချပေးမည်

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံခြားငွေ အများဆုံးအသုံးပြုသည့် အဓိကသွင်းကုန်များဖြစ်သည့် စက်သုံးဆီနှင့် စားသုံးဆီအတွက် လိုအပ်သည့် နိုင်ငံခြားငွေကို ဗဟိုဘဏ်နှုန်းထားအတိုင်း ဗဟိုဘဏ်က ဘဏ်များမှတစ်ဆင့် အကန့်အသတ်မရှိ ရောင်းချပေးမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် ကျင်းပသည့် အစည်းအဝေး၌ ဆုံးဖြတ်အတည်ပြုလိုက်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က "ပြည်တွင်းကျပ်ငွေတန်ဖိုးတည်ငြိမ်မှုမရှိတာကို ထိန်းသိမ်းဖို့အတွက် ဗဟိုဘဏ်အနေနဲ့ ငွေကြေးမူဝါဒကို အသုံးချပြီး ဈေးကွက်ထဲမှာပိုနေတဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့❒



**ကြေးမုံစာတည်းရှုထောင့် — ၁၈-၆-၂၀၁၅၊ ကြာသပတေးနေ့**

# ဘဝအတွက်အကောင်းဆုံးအာမခံ

လူတစ်ယောက်အဖို့ ကျန်းမာနေစဉ်အခါ၌ ကျန်းမာခြင်း၏ တန်ဖိုးကို မသိတတ်ကြ။ မကျန်းမာသောအခါ ကျန်းမာခြင်း၏အဖိုးတန်ပုံကိုသိလာကြသည်။ ထို့ကြောင့် "အနာကင်းခြင်း" တည်းဟူသော "အာရောဂျံ" နှင့် တွဲဖက်လျက် "လာဘံ"၊ "ခနံ" စသည်ဖြင့် ကျန်းမာရေးနယ်ပယ်တွင် ပြောဆိုလာကြသည်။

လူတစ်ဦးကျန်းမာရှင်သန်ရန်အတွက် ပြင်ပအကူအညီအထောက်အပံ့လိုအပ်သည်။ သောက်သုံးရန် ဆေးဝါး၊ ထိုးနှံရန် ဆေး၊ စားသုံးရန် ဓာတ်စာ စသည်ဖြင့် ကျန်းမာရေးနှင့် ရောဂါဘယ၊ အနာနှင့် ဆေးတည့်အောင်ပေးမည့် ကျွမ်းကျင်သော သမားကောင်းတို့၏ ရောဂါစမ်းသပ်စစ်ဆေးမှု အကြံဉာဏ်နှင့်ညွှန်ကြားမှုတို့မှာ မကျန်းမာသူတစ်ဦးအတွက် အားကိုးရာဖြစ်သည်။

သို့သော် ကျန်းမာရေးကိစ္စကြုံလာလျှင် ဆေးရုံ၊ ဆေးခန်းသို့ သွားရန်တွန့်ဆုတ်ကြသည့်ကိစ္စမှာ ယခင်က လူတိုင်းနီးပါးတွင်ရှိခဲ့သည်။ အကြောင်းမှာ ဆေးဝါးမစုံလင်ခြင်း၊ ထိရောက်သောကုသမှုခံယူနိုင်မှုမရှိခြင်းတို့ကြောင့်ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးနှင့်ပတ်သက်လာလျှင် ငွေကုန်ကြေးကျများခြင်းသည် ပြည်သူလူထုအတွက် ကြီးမားသော အဟန့်အတားအဖြစ် ဖြစ်ပေါ်ခဲ့သည်။

ယနေ့အချိန်အခါတွင် ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ လျော့ပါးလာသည်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို ယခင်နှင့်မတူ မြှင့်တင်ဆောင်ရွက်ပေးနေသည်။ ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုအပိုင်း၊ ဆေးဝါးအပိုင်းမှအစ ပိုမိုဖြည့်ဆည်းပေးထားသည်။ သို့သော် အပြည့်အဝစောင့်ရှောက်ပေးခြင်းနှင့် ငွေကြေးကုန်ကျမှုမရှိဟုဆိုရမည့် အခြေအနေသို့ရောက်ပြီဟု ကေန်မုချပြော၍ ရနိုင်မည့် အနေအထားမျိုးမဟုတ်သေးချေ။ အနည်းနှင့်အများရှိဦးမည်ဖြစ်သည်။

ထိုအခြေအနေမျိုးတွင် ဆေးရုံတက်စရိတ် ရက် ၃၀ စာအတွက် တစ်ရက်လျှင် ကျပ်တစ်သောင်းခွဲပေးလျော်မည့် ကျန်းမာရေးအာမခံစနစ်ကို ဇူလိုင် ၁ ရက်နေ့မှစတင်၍ မည်သူမဆိုခံစားနိုင်သည့် အစီအစဉ်ကို ကြားသိလိုက်သဖြင့် ပြည်သူလူထုအနေဖြင့် ဝမ်းမြောက်မည်ဟုဆိုနိုင်ပါသည်။ မြန်မာ့အာမခံ၊ ပုဂ္ဂလိကအာမခံလုပ်ငန်းမှ တာဝန်ရှိသူများနှင့် နိုင်ငံခြားအာမခံဌာနေကိုယ်စားလှယ်ရုံးခွဲများပါဝင်သော အဖွဲ့အစည်းများမှ ဖွဲ့စည်းလုပ်ဆောင်လာခြင်းဖြစ်၍ ပြည်သူအတွက် အထောက်အပံ့ကောင်းတစ်ခုဟု ဆိုရ မည်ဖြစ်သည်။

ထိုအစီအစဉ်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော်ခြင်းဖြစ်ပြီး ကမ္ဘာတွင်မူ ၁၈၈၃ ခုနှစ်ကတည်းက ဂျာမနီနိုင်ငံတွင် စတင်ပေါ်ပေါက်ခဲ့သည်။ အခြားနိုင်ငံများတွင်လည်း နှစ်ပေါင်းကြာရှည်စွာတည်ရှိနေပြီးဖြစ်သည်။ ထိုအာမခံစနစ်တွင် အသက်(၆)နှစ်မှ (၆၅) နှစ်အထိ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော ပြည်သူများသာမက မြန်မာနိုင်ငံသို့ လာရောက်တာဝန်ထမ်းဆောင်ကြသော နိုင်ငံခြားသားများပါ ဝယ်ယူဆောင်ရွက်နိုင်သည်ဟု သိရသည်။

ကျန်းမာရေးအာမခံ တစ်နှစ်စာအတွက် ပရီမီယံကြေး တစ်ယူနစ်လျှင် ကျပ်ငါးသောင်းဖြင့် ရောင်းချမည်ဖြစ်ပြီး အများဆုံး ငါးယူနစ်အထိ ဝယ်ယူထားနိုင်ကြောင်း သိရသည်။ ရက် ၃၀ စာလျော်ကြေးနှင့် မတော်တဆကြောင့် သေဆုံးသွားလျှင် ကျပ် ၁၀ သိန်း လျော်ကြေးရမည်ဖြစ်သည်။ ထိုအာမခံကို တစ်နိုင်ငံလုံးမှပြည်သူများအတွက် စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းတို့ကို ကြည့်ရှုကာ မူဝါဒပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပြီး အာမခံဝယ်ယူသည့်နေ့မှစတင်၍ တစ်နှစ်အတွင်းသာ အကျုံးဝင်မည်ဖြစ်ပြီး သုံးလအတွင်း လျော်ကြေးတောင်းခံရမည်ဟု သိရသည်။

ပြည်သူလူထုအနေဖြင့် ကျန်းမာရေးအတွက် ဆေးဝါးကုသမှုအပိုင်းတွင် ကုန်ကျစရိတ်များ ရှိနေဦးမည်ဖြစ်၍ ဆေးကုသမှုကုန်ကျစရိတ်များ အတိုင်းအတာတစ်ခုအထိ လျော့နည်းသက်သာအောင် ဤသို့ရည်ရွယ်ဆောင်ရွက်ပေးခြင်းသည် လျော်ကန်သင့်မြတ်သည်ဟု ဆိုနိုင်ပါသည်။ ယနေ့ပြည်သူလူထုအများစု၏ သဘောထားနှင့် အခြေအနေမှန်ကို ထဲထဲဝင်ဝင် ခြေခြေမြစ်မြစ် သိရှိနားလည်ပြီး နှစ်ဦးနှစ်ဖက် အကျိုးမျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုအတွက် ထိရောက်အောင်မြင်သော လုပ်ငန်းတစ်ရပ်ဖြစ်လာလိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## Team Management အထူးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် Myanmar-Japan Center တို့ ပူးပေါင်းကျင်းပသော Team Management ဆိုင်ရာ အထူးဟောပြောပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ရက်နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြော ကြားသည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ-ဂျပန်စင်တာမှ Chief Advisor Mr.Morimasa KAHAMARU နှင့် တာဝန်ရှိသူများ၊ သင်တန်း သား သင်တန်းသူများ တက်ရောက်ကြသည်။

မြန်မာ-ဂျပန်စင်တာသည် အထွေထွေစီးပွားရေးဆိုင်ရာ၊ အထူးစီးပွားရေးဆိုင်ရာ သင်တန်းများနှင့် ကုမ္ပဏီများ၏ လိုအပ်ချက်အရ ပို့ချပေးသည့် Tailor Made Course များကို ရန်ကုန်မြို့အပါအဝင် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း အောင်မြင်စွာဖွင့်လှစ်ပေး လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများတွင် ဗဟုသုတ အရည်အချင်းများ ပြည့်ဝစေရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ်မွေးမြူကာ စုပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် ဟောပြောပွဲမှ ရရှိလာသည့် အတွေ့အကြုံနှင့်ဗဟုသုတများကို မိမိဌာနတွင် ပြန်လည်ဝေမျှအသုံးပြုနိုင်ရေးအတွက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၁၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၄၆၅၀၀ | - | ၇၄၆၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၄၆၀၀၀ | - | ၇၄၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၂၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၅၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၀၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၂၄၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၇.၉၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၂.၈၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅.၄၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၂၁၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၉၅.၂၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၈.၇၉၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၅.၃၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၂၂.၃၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော


**မူဆယ် ဇွန် ၁၇**

(၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက မူဆယ်မြို့ အမှတ် (၁) အထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာစိုင်းလန်းပန်က မူးယစ်ဆေးဝါးနှင့် HIV/AIDS ရောဂါအကြောင်း၊ ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးစိုးထန်တူးက လူငယ်နှင့်မူးယစ်ဆေးဝါးအကြောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ဝင်းမြိုင်ထွန်းက မှုခင်းပိုင်းဆိုင်ရာ အသိပညာအကြောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၂) ဒု-ရဲမှူးဝင်းနိုင်က မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းတို့ကို အသီးသီး ဟောပြောခဲ့ကြကြောင်း သိရသည်။

**(၀၁၁၂)**

**စာအုပ် စာပေ လူ့မိတ်ဆွေ**



၁၀-တန်း သေချာပေါက် အောင်မြင်ချင်သူများအတွက်
၁၀တန်းဘာသာစုံ REPEATER တန်းခွဲသစ် — အဆင့်မြင့်စာသင်ဝိုင်း
မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ■ ဦးတင်ကို
သင်္ချာ ■ ဆရာပိုင်(ပိုင်သင်္ချာ)
ဓာတု ■ ဆရာသုတ
ရူပ ■ ဦးကျော်မိုးလတ်
ဇီဝ ■ ဒေါက်တာမြသိန်း
ဘောဂ ■ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်ခွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

ရွှေခိုးစည် 50% DISCOUNT ခရီးစဉ်
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ဖွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 60000/-
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းဂူ၊ ကက္ကူ Jun 12,19,26
373275, 708342, 0949219404

ရွှေလမ်းခရီး ...ကျိုက်ထီးရိုး/ချောင်းသာ
371317,095124678,09401589907

သွေးသည် အသက်

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ ဝယ်လိုသည်။
၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၀
၀၉-၇၃၂၃၄၆၅၆

မိုးဝင်း နှင့် ရောင်းရင်းများ
ကျိုက်ထီးရိုး၊ ချောင်းသာ(အပတ်စဉ် အင်္ဂါ၊သောကြာ)
▲ ပုပ္ပါး ပုဂံညောင်ဦး(ဖွယ်တော်လေးဆူ)
▲ ပုပ္ပါး ပုဂံ(ဖွယ်တော်လေးဆူ)မန္တလေး ပြင်ဦးလွင်
▲ တောင်ကြီး အင်းလေး ပင်းတယ၊ ကုံလုံ၊ မွေတော်ကက္ကူ၊ ထမ်းစမ်းဂူ
▲ မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက်ခမီ၊ စက်ခဲ
▲ မော်လမြိုင်၊ ကျိုက်ခမီ၊ စက်ခဲ၊ ရွှေသာလျောင်းတော်
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အထက(ခွဲ)၊ ဂျမားနဝမတန်း(A)တွင် ပညာ သင်ကြားနေသော အဖ ဦးမြင့်နိုင်၏ သမီး မခင်စန္ဒာသင်း (ခ) မထက်ကြူကြူလင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀(B)၊ မြေကွက်အမှတ်-3F၊ မြေကွက်တည်နေရာအမှတ်(၁၉၆/၁၉၈ နှင့် ၁၉၈/၂၀၂)၊ ကီလီလမ်း၊ လမ်းမတော်မြို့နယ်၊ ဒေါ်စောရန် အမည်ပေါက်ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက်နှင့် ၎င်း၏ခင်ပွန်း ဦးရင်စိန်တို့ ကွယ်လွန်သဖြင့် ဦးလူပေါ် [၁၂/မဂတ(နိုင်)၀၂၂၉၉၀]သည် တစ်ဦးတည်းသောသားဖြစ်ကြောင်း ဖော်ပြလျက် ဦးလူပေါ်ကိုယ်စား ၎င်း၏ GP (၃၃၃၈၆/၂၆-၁၂-၂၀၁၄)ရရှိသူ ဒေါ်ကေခိုင်ရွှေ[၁၂/စခန(နိုင်)၀၀၇၇၅၄]က ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ယင်းမြေအား မြေသိမ်းပယ်ဖျက်သည့် ၂၅-၅-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ(၁၂၆/၂၀၁၅)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

# နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် မစ္စတာ အဂျစ် ဒိုဗယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



☆**ရွှေဖုံးမှ**

ယင်းနောက် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာအဆင့်မီ မြန်မာအနုပညာဗဟိုဌာန(ရန်ကုန်)နှင့် (မန္တလေး)တည်ဆောက်ရေးစီမံကိန်းများနှင့်ပတ်သက်၍ စီမံကိန်းဖြစ်ပေါ်လာမှု၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ မြေနေရာသတ်မှတ်ရွေးချယ်မှုနှင့် တည်ဆောက်မည့် ဗိသုကာပုံစံများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီး ဦးစိုးတင့်တို့က နိုင်ငံတကာအဆင့်မီ မြန်မာအနုပညာဗဟိုဌာန (ရန်ကုန်)နှင့် (မန္တလေး) တည်ဆောက်ရေးစီမံကိန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များက နိုင်ငံတကာအဆင့်မီ မြန်မာအနုပညာဗဟိုဌာနတည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်ပယ်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုတည်ဆောက်မည့် အဆောက်အအုံများသည် အဖွဲ့အစည်းတစ်ခုအတွက် ရည်ရွယ်တည်ဆောက်ခြင်းမဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးတွင် ကဏ္ဍတစ်ရပ်အနေဖြင့် ဦးတည်ချက်ထား တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါအဆောက်အအုံများ တည်ဆောက်ရေးစီမံကိန်းတွင် စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ ယခုဖြစ်ပေါ်လာမည့် အဆောက်အအုံများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်လည်း လိုအပ်သော အုပ်ချုပ်မှုအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဖြင့် ပြန်လည်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးအေးမြင့်ကြူ၊ ဦးရဲထွန်း၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး ဗဟိုတို့မှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

❒**စက်သုံးဆီမှ**

ကျပ်ငွေနုတ်ယူတာတွေကို တောက်လျှောက်ပြုလုပ်နေခဲ့ပါတယ်။ ဒါ့အပြင် ပိုပြီး ထိရောက်နိုင်ဖို့နဲ့ ဈေးကွက်လိုအပ်ချက်ရှိနေတဲ့ နိုင်ငံခြားငွေ တိုက်ရိုက်ရောင်းချတာကို ဒီနေ့ပဲ စတင်နိုင်ဖို့ ဒီလိုအစည်းအဝေးခေါ်ယူကျင်းပတာပါ။ အဓိက သွင်းကုန်တွေ သွင်းနေတဲ့ သွင်းကုန်လုပ်ငန်းရှင်တွေ ရှိပါတယ်။ အဲဒီထဲမှာမှ မရှိမဖြစ်လိုအပ်တဲ့ စက်သုံးဆီနဲ့ စားသုံးဆီတွေဆိုတာ ဒေါ်လာသန်း နှစ်ရာ၊ သုံးရာလောက်နဲ့ လစဉ်သွင်းနေတဲ့သူတွေ ရှိပါတယ်။ ဒီသွင်းကုန်တွေအတွက် ငွေချေဖို့လိုအပ်တဲ့ငွေကို ဈေးကွက်ထဲဝင်ပြီး ဝယ်နေရတာတွေ အားလုံးကို လုံးဝအကန့်အသတ်မရှိဘဲ ကျွန်တော်တို့ ဗဟိုဘဏ်က ဖြည့်ဆည်းပေးဖို့ပါ။ ဒီနေ့အစည်းအဝေးမှာ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ လုပ်ငန်းစဉ်တွေ ဆွေးနွေးဖြစ်ပါတယ်။ အဓိကက အရေးကြီးတဲ့ မရှိမဖြစ် သွင်းကုန်တွေဖြစ်တဲ့ စက်သုံးဆီနဲ့ စားသုံးဆီက နိုင်ငံခြားငွေဈေးမြင့်တက်တာကြောင့် ဈေးအဆမတန်တက်သွားရင် မလိုလားအပ်တဲ့ ဈေးနှုန်းမြင့်တက်မှုတွေဖြစ်လာနိုင်တဲ့အတွက် ဒီသွင်းကုန်တွေအတွက် လိုအပ်တဲ့ငွေကို အကန့်အသတ်မရှိ ရောင်းချပေးတာဖြစ်ပါတယ်”ဟု ပြောသည်။

ယင်းသွင်းကုန်နှစ်မျိုးအတွက် နိုင်ငံခြားငွေ အကန့်အသတ်မရှိ ရောင်းချမည့်အစီအစဉ်ကို ဇွန် ၁၇ ရက်တွင် စတင်နိုင်ရန် ဗဟိုဘဏ်က ဘဏ်များကို တိုက်တွန်းထားသည်။ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုဘဏ်တို့က ယင်းအစီအစဉ်ကို ဇွန် ၂၂ ရက်တွင် စတင်နိုင်ရန် လျာထားပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်များက ယခုသီတင်းပတ်အတွင်း စတင်နိုင်ရေး ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဘဏ်များမှတစ်ဆင့် သွင်းကုန်များအတွက် L/C ဖွင့် ဆောင်ရွက်ရသည့်အချိန်တွင် နိုင်ငံခြားငွေပေးချေမှု ဆောင်ရွက်နိုင်ရန် သွင်းကုန်လုပ်ငန်းရှင်များက မြန်မာကျပ်ငွေဖြင့် ဘဏ်ကို ပေးသွင်းနိုင်ပြီး ဘဏ်များ၏ နိုင်ငံခြားငွေ စိုက်ထုတ်ဆောင်ရွက်မှုကို ဗဟိုဘဏ်က ချက်ချင်း ပြန်လည် ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။

“သွင်းကုန်လုပ်ငန်းရှင်တွေအနေနဲ့ ဗဟိုဘဏ်ကို သီးခြားလျှောက်လွှာတင်ပြီး ဆောင်ရွက်ဖို့မလိုဘဲ သွင်းကုန်လုပ်ငန်းဆောင်ရွက်နေကျဖြစ်တဲ့ ဘဏ်တွေကတစ်ဆင့် လိုသလောက်ငွေကို ဗဟိုဘဏ်နှုန်းထားနဲ့ ရောင်းချပေးမှာပါ။ ရောင်းချပြီးတာနဲ့ L/C ချက်ချင်းဖွင့်ပြီး အဲဒီဘဏ်တွေရဲ့ Nostro စာရင်းထဲကို ကျွန်တော်တို့ ဗဟိုဘဏ်က ချက်ချင်းပြန်ထည့်ပေးလိုက်မှာ ဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဗဟိုဘဏ်သည် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံခြားငွေ လိုအပ်ချက်ကြီးမားမှုကို ထိန်းညှိနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် အခြားပုဂ္ဂလိကဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက “ဒီလို ရောင်းချလိုက်တဲ့အတွက် ပြင်ပမှာ ဈေးနှုန်းမြင့်တက်နေတဲ့ ဒေါ်လာငွေကိုလည်း ထိန်းပြီးသားဖြစ်သွားမယ်။ တစ်ချိန်တည်းမှာပဲ ဈေးနှုန်းမြင့်တက်မှုကြောင့် ဖြစ်လာနိုင်တဲ့ ငွေကြေးဖောင်းပွမှုကို ကာကွယ်ပြီးသားဖြစ်သွားမှာပါ” ဟု အဆိုပါအစီအစဉ်၏ အကျိုးဆက်အနေဖြင့် ရှင်းပြသည်။

နိုင်ငံခြားငွေ ဝယ်ယူခွင့်ရရှိသည့် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ယင်းငွေဖြင့် ဈေးကစားမှုများ ပြုလုပ်၍ မရနိုင်ကြောင်းကို “သွင်းကုန်လုပ်ငန်းရှင်တွေကို နိုင်ငံခြားငွေ ရောင်းပေးတာမဟုတ်ဘဲ သွင်းကုန်ပစ္စည်းအတွက် ရောင်းပေးတာ ဖြစ်ပါတယ်။ သွင်းကုန်လုပ်ငန်းရှင်က နိုင်ငံခြားငွေကို ဝယ်လိုက်တာနဲ့ သူတို့စာရင်းထဲကို လုံးဝရောက်မသွားပါဘူး။ တစ်ပြိုင်တည်းမှာပဲ အဲဒီစာရင်းထဲက ငွေကို လုပ်ငန်းအတွက် ပေးချေဖို့ ထုတ်ယူသွားမှာပါ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘဏ်လုပ်ငန်းရှင်များက ကာလတစ်ခုအထိ အကျိုးအမြတ်မယူဘဲ နိုင်ငံခြားငွေနှုန်းထားကို ဗဟိုဘဏ်နှုန်းထားအတိုင်း ရောင်းချပေးခြင်းဖြင့် ဗဟိုဘဏ် ဦးဆောင်မှုဖြင့် နိုင်ငံခြားငွေ ဈေးကွက်တည်ငြိမ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဗဟိုဘဏ်က တိုက်တွန်းထားသည်။

ယင်းအစီအစဉ်တွင် အဓိကသွင်းကုန် နှစ်မျိုးသာမက နိုင်ငံခြားငွေလိုအပ်ချက်များပြားသည့် အခြားသွင်းကုန်များ ပါဝင်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သွင်းကုန်ဆိုင်ရာအချက်အလက်များ တောင်းခံကာ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ဈေးနှုန်း အတက်အကျရှိလာသော နိုင်ငံခြားငွေဈေးကွက်သည် ပြင်ပပေါက်ဈေး ၁၃၀၀ ဝန်းကျင်အထိ ဖြစ်ခဲ့သည်။ ယခုနှစ် ဧပြီလနှောင်းပိုင်းမှစကာ တရိပ်ရိပ်တက်လာသော နိုင်ငံခြားငွေဈေးကွက်မတည်ငြိမ်မှုကို ထိန်းညှိနိုင်ရန် ဗဟိုဘဏ်ဦးစီး၍ ဝန်ကြီးဌာနများ၊ အစိုးရဘဏ်များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် အစည်းအဝေးများ မေလနှင့် ဇွန်လများအတွင်း ကျင်းပခဲ့ပြီးဖြစ်သည်။ လက်ရှိတွင် နိုင်ငံခြားငွေလဲလှယ်ရာတွင် ဗဟိုဘဏ်နှုန်းထားမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၁၀၅ ဝန်းကျင်ရှိကြောင်း သိရသည်။

**သတင်း- မိုးသူဇာစိုး**
**ဓာတ်ပုံ- ကိုလေး**

# ငွေရောင်လွှမ်းလာသော ပြည်သူ့ချန်ပီယံများ

**သတင်းနှင့်ဓာတ်ပုံ-ထက်ခိုင်(စမ်းချောင်း) ဇော်ကြီး (ပဏ္ဍိတ)**

**ရန်ကုန် ဇွန် ၁၇**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးခဲ့သည့် မြန်မာယူ-၂၃ ဘောလုံးအသင်းသည် ဇွန် ၁၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် MAI လေကြောင်းလိုင်းမှ 8M 232 ဖြင့် ငွေတံဆိပ်ကို ဆွတ်ခူး၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ပရိသတ်များက တစ်ခဲနက်လာရောက်ကြိုဆိုခဲ့ကြသည်။

ထိုသို့ရွှေရောင်အနာဂတ်မျှော်လင့်ချက်များဖြင့် ငွေတံဆိပ်ဆုကိုဆွတ်ခူးကာ နိုင်ငံ့တာဝန်ကိုကျေပွန်စွာ စွမ်းဆောင်ခဲ့သော ဘောလုံးအားကစားသမားများကို ပြည်သူအပေါင်းက ချန်ပီယံအဖြစ် ဂုဏ်ပြုထားကြပြီး ၎င်းတို့၏ ရင်တွင်းခံစားချက်စကားသံများကို ယခုလို ဖော်ပြလိုက်ပါသည်-

**မချောစုစုဝင်း(ကောင်းဆက်နိုင်၏ဇနီး)**

ပရိသတ်ရဲ့အားပေးမှုဟာ သူတို့အတွက် အများကြီး အားရှိစေတယ်။ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ အားပေးပါဦးလို့ပြောချင်ပါတယ်။ အခုလာကြိုတာပါ။ အလွန်လည်းပျော်ပါတယ်။ ရွှေရရင်ဒီထက်ပိုပျော်မှာပါ။

**မစုစုငယ်(ဂိုးသမားကျော်ဇင်ဖြိုး၏ဇနီး)**

အလွန်ကိုပျော်ပါတယ်။ ပြည်သူတွေကလည်း ဒီလို လှိုက်လှိုက်လှဲလှဲကြိုကြတာတွေ့ရတော့ အဲ့ဒီလောက်ထင် တောင် မထင်ထားပါဘူး။ တစ်နိုင်ငံလုံးက သူ့ကိုရွှေလက်ပိုင်ရှင်လို့ပြောနေကြတာ။သူ့အစားတကယ့်ကိုပျော်ပါတယ်။ ဂုဏ်ယူပါတယ်။ သူ့ဇနီးဖြစ်ရတာလည်း ဂုဏ်ယူပါတယ်။

**ဗိုလ်ကြီးတင်ထွန်းအောင် (ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်း)**

လာကြိုရမယ်လို့ စိတ်ထဲမှာမထင်ပါဘူး။ အခုလို လာကြိုရတော့ တကယ်ဝမ်းသာတာ။ စိတ်ထဲမှာ ဒီအသင်းတစ်သင်းလုံးမှာ ပထမဆုံးပြောချင်တာတော့ ကျော်ဇင်ဖြိုးပါ။ ပြီးလို့ရှိရင် စည်သူအောင်၊ နောက်ထပ်သဘောကျတာက နောက်တန်းက ဟိန်းသီဟဇော်ပါ။ တခြားသူတွေလည်း သဘောကျပါတယ်။ ဒါပေမယ့် သူတို့ကို ပိုပြီးတော့ သဘောကျတယ်။အခုလို ကျွန်တော်တို့က အရင်တုန်းကထက်စာရင် တိုးတက်လာပါတယ်။ အဲ့ဒီအတွက်ကြောင့် နောက်နှစ်တွေမှာ ဒီထက် ပိုပြီးတော့ ရွှေရမှာပါ။

**ဦးဌေးဝင်း(မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းမှ အားပေးကြိုဆိုသူ)**

ကျွန်တော်တို့က အများကြီးဝမ်းသာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာကရွှေမရပေမယ့် ဒုတိယရတာကို အလွန်ဝမ်းသာတယ်။ အလွန်ဝမ်းသာလွန်းလို့လည်း အလုပ်ဖျက်ပြီးတော့ လာကြိုတာပါ။ ဂုဏ်ယူတယ် သူတို့ကို။ ပြောရင်တော့ဗျာ စိတ်ထဲမှာတော့ မကောင်းဘူး။ ရွှေမရပေမယ့် ကျွန်တော်တို့ ဘောလုံးသမားတွေကြိုးစားတယ်။ နိုင်ငံ့ဂုဏ်ကိုဆောင်တယ်။ အလွန်ဝမ်းသာဖို့ ကောင်းတယ်။

**ကိုမောင်မောင်အေး(ရုပ်သံအစီအစဉ်တင်ဆက်သူ)**

ကျွန်တော်တို့ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ့်နိုင်ငံကို ဂုဏ်ဆောင်ပေးခဲ့တဲ့ တကယ့်အားကစားသမား စစ်စစ်တွေကို ကျေးဇူးတင်တဲ့အနေနဲ့ တတ်နိုင်တဲ့ ထောင့်တစ်ထောင့်ကနေ သဲတစ်ပွင့်ဖြစ်လာပြီးတော့ ကျေးဇူးတင်ကြောင်း လာပြောတာပါ။ တစ်သင်းလုံး သူ့ဟာနဲ့သူတော့ ကြိုးစားကြတာပါပဲ။ ဘောလုံးကစားတယ်ဆိုတာ Team Work ပဲလေ။ ဒါပေမယ့် မျက်စိထဲမှာစွဲနေတာကတော့ အားလုံးသိတဲ့အတိုင်း ဂိုးသမားကျော်ဇင်ဖြိုးပါ။ သူကတော့ ကြောက်စရာကောင်းတဲ့ ဘောလုံးတိုင်းကို ကာကွယ်သွားတာ။ အားလုံးကတော့ တော်ကြပါတယ်။ ဒါပေမယ့် သူ့ရဲ့လက်စွမ်းကိုတော့ ကျွန်တော်တို့အားလုံးအတွက် အမှတ်တရဖြစ်နေခဲ့တာပါ။

**ဦးဇော်နိုင်(ရန်ကုန်ယူနိုက်တက် လူငယ်ဘောလုံး အကယ်ဒမီနည်းပြ)**

ကစားသမားတွေရဲ့စိတ်ဓာတ်နဲ့ ကစားပုံကောင်းမွန်မှုတွေကြောင့်လည်း ငွေတံဆိပ်ဆုရရှိခဲ့တာပါ။ အခုဆိုရင် မြန်မာဘောလုံးအသင်းအနေနဲ့ ခြေစွမ်းတွေတိုးတက်လာပါတယ်။ ထိုင်းအသင်းနဲ့ကစားတုန်းက ပထမပိုင်းမှာ သူတင်ကိုယ်တင်ကစားနိုင်ခဲ့တယ်။ ဒုတိယပိုင်းမှာတော့ သက်လုံနဲ့ အတွေ့အကြုံကြောင့် ဂိုးပေးခဲ့ရတာပါ။ ထိုင်းအသင်းဆိုတာကတော့ ရေရှည်ဖွဲ့စည်းထားပြီး ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ထားတဲ့အသင်းပါ။ မြန်မာယူ-၂၃ အသင်းအနေနဲ့ကတော့ ပြင်ဆင်ချိန် နည်းခဲ့တယ်။ ဒါပေမယ့် ပြိုင်ပွဲ ပွဲစဉ်တွေမှာ ကစားပုံနဲ့ ကြိုးစားမှုတွေ တော်တော်ကောင်းခဲ့ပါတယ်။ ဗီယက်နမ်ကိုနိုင်တဲ့ပွဲစဉ်မှာဆိုရင် စိတ်ဓာတ်ပိုင်းအပြင် ရရှိတဲ့အခွင့်အရေးတွေကို အကောင်းဆုံးအသုံးချတတ်ခဲ့တယ်။ ဒါကြောင့်လည်း ဗိုလ်လုပွဲကို ရောက်ခဲ့တာပါ။ အခုလို ကစားသမားကောင်းတွေများလာဖို့လိုတယ်။ လက်ရွေးစင်အသင်းအတွက်လည်း အများကြီး အထောက်အကူဖြစ်လာမယ်။ အခုဆိုရင် ငွေတံဆိပ်ရခဲ့တယ်။ ဒီထက်ပြင်ဆင်မှုနဲ့ ကြိုးစားမှုပေါင်းစပ်လိုက်ရင် ရွှေတံဆိပ်ဆိုတာ မကြာမီအချိန်မှာ ရလာမယ်လို့ ယုံကြည်ပါတယ်။ သူတို့လေးတွေ နိုင်ငံအတွက် တာဝန်ကျေခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။

**မသဉ္ဇာထွန်း(ပရိသတ်)**

မြန်မာယူ-၂၃ အသင်းကို ရှုံးတာနိုင်တာထက် အားပေးတဲ့အနေနဲ့ လာကြိုဖြစ်ခဲ့တာပါ။ ကန်တဲ့ပွဲစဉ်တိုင်းကို ကြိုက်ပါတယ်။ အကုန်လုံးလည်း ကြည့်ဖြစ်ပါတယ်။ အကြိုက်ဆုံးက ရဲကိုဦးပါ။ ငွေတံဆိပ်ဆုရတဲ့အတွက်လည်း ပျော်ပါတယ်။ ရှုံးကြွေးဆပ်တာ မဆပ်တာထက် ယှဉ်ပြိုင်ခြင်းက အဓိကဆိုတော့ ငွေတံဆိပ်ဆုရခဲ့တာကိုလည်း ပျော်ပါတယ်။ ထိုင်းအသင်းနဲ့မှာက အစစအရာရာပေါ့ ကစားကွက်တွေကအစ သူတို့ဘက်က သာနေတဲ့အခါကျတော့ မြန်မာအသင်းကလည်း ကြိုးစားခဲ့ပါတယ်။ ခြေကလည်း သာနေတာဆိုတော့ မြန်မာအသင်းက အရင်ဆီးဂိမ်းတုန်းက ဖိုင်နယ်အထိမတက်ခဲ့ပါဘူး။ အခုကျတော့ ငွေတံဆိပ်ဆုရခဲ့တဲ့အထိဆိုတော့ အလွန်ကျေးဇူးတင်ပါတယ်။ မြန်မာအသင်းအနေနဲ့ ကစားကွက်ရော အကုန်လုံး အစစအရာရာ ပြင်ဆင်သင့်ပါတယ်။

**ဦးကြည်လွင် (မြန်မာယူ-၂၃ အသင်း နည်းပြချုပ်)**

ကျွန်တော်တို့လည်း ရွှေတံဆိပ်ကိုရစေချင်ပါတယ်။ ငွေတံဆိပ်တောင်မှ ဒီလောက်ကြိုနေတာဆိုတော့ ရွှေတံဆိပ်ဆိုရင်တော့ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ကျွန်တော်တို့က ရှုံးတယ်ဆိုတာက သူတို့က အစစအရာရာ သာပါတယ်။ ကျွန်တော်တို့ဘက်ကတော့ စိတ်ဓာတ်နဲ့ကစားတာပါ။ အတွေ့အကြုံအားဖြင့်လည်း အများကြီးလိုပါတယ်။ ကျွန်တော်တို့ လေ့ကျင့် ခြေစမ်းပွဲတွေများများကစားရမယ်။ ဒီထက်သာတဲ့အသင်းနဲ့သွားပြီး ခြေစမ်းကစားရမယ်။ ရရှိလာတဲ့ အတွေ့အကြုံကတော့ အများကြီးပါ။ ကျွန်တော်တို့က စင်ကာပူရောက်နေတဲ့ ပရိသတ်တွေနဲ့ မြန်မာနိုင်ငံက ပရိသတ်တွေအပေါ်မှာ အတတ်နိုင်ဆုံး စွမ်းဆောင်ခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံက ဘောလုံးကို ရူးသွပ်ကြပါတယ်။အားပေးကြတယ်။ အဲဒီအတွက် ကျွန်တော်တို့ ဒုတိယတော့ရခဲ့ပါတယ်။ ပရိသတ်ကိုတော့ အတိုင်းထက်အလွန်ကို ကျေးဇူးတင်ပါတယ်။ ပြောမပြတတ်အောင်ပါပဲ။

**ကိုကိုဟိန်း(နောက်တန်းကစားသမား)**

အကောင်းဆုံးတော့ ယှဉ်ပြိုင်ခဲ့တာပါပဲ။ ကျွန်တော့်ရဲ့ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲမှာ ငွေတံဆိပ်ရခဲ့ တဲ့အတွက် အလွန်ပျော်ပါတယ်။ စင်ကာပူနဲ့ကစားတဲ့ပွဲကို အားအရဆုံးပါ။ ကျွန်တော်တို့အသင်းလည်းကောင်းပါတယ်။ ထိုင်းအသင်းလည်းကောင်းတယ်။ ထိုင်းအသင်းက အစစအရာရာ ကျွန်တော်တို့ထက်သာတယ်။ အခုလိုအများကြီး လာကြိုတာ၊ အားပေးတာတွေ့ရတော့ အလွန်ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။

**ကိုမြတ်နိုးဦး(အား/ကာသိပ္ပံဘောလုံးကစားသမား)**

အစ်ကိုတွေဆုယူပြီး ပြန်လာတာကို အလွန်ပဲပျော်ပါတယ်။ အခုလို ဆီးဂိမ်းပြိုင်ပွဲမှာ ခြေစွမ်းကောင်းတွေကစားပြခဲ့ပြီး ဆုတွေယူလာတာကို ဝမ်းသာဂုဏ်ယူမိတယ်။ ကျွန်တော်တို့အတွက် အတုယူဖွယ်ပါ။ ပရိသတ်က သောင်းသောင်းဖြဖြကြိုဆိုတာကိုမြင်တော့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေကို ပိုပြီးလေးစားမိတယ်။ ကျွန်တော်တို့အတွက်ကတော့ ဒီနေ့မြင်ကွင်းဟာ အားဆေးတွေပါပဲ။ ပိုပြီးကြိုးစားချင်စိတ်တွေဖြစ်မိတယ်။ ကျွန်တော်တို့အလှည့်ရောက်တဲ့အချိန်မှာ အစ်ကိုတွေထက်ကောင်းမွန်အောင်ကြိုးစားမယ်။ အခုဆိုရင် အစ်ကိုတွေက ကျွန်တော်တို့အတွက် ဝမ်းသာပျော်ရွှင်မှုတွေကို ပေးခဲ့တဲ့အပြင် သင်ခန်းစာတွေလည်း ပြသလိုက်သလိုပါပဲ။နိုင်ငံ့အတွက်လည်း ဂုဏ်ရှိပါတယ်။ အစ်ကိုတွေကတော့ နိုင်ငံနဲ့ပြည်သူတွေအပေါ် တာဝန်ကျေခဲ့ပါတယ်။

**မဇင်မာဝမ်း (ယူ-၁၉ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းနည်းပြ)**

အခုလို ငွေတံဆိပ်ရရှိခဲ့တဲ့အပေါ်မှာ အလွန်ပျော်ပါတယ်။ မြန်မာဘောလုံးအသင်းအနေနဲ့ ၂၀၀၇ ခုနှစ်မှာဆိုရင် ဗိုလ်လုပွဲစဉ်ကို နောက်ဆုံးအကြိမ်တက်ရောက်ခဲ့တယ်။ အဲဒီတုန်းကလည်း ထိုင်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တာ၊ ၂-၀ ဂိုးနဲ့ ရှုံးနိမ့်ခဲ့တယ်။ အခုလို ရှစ်နှစ်လောက်ကြာပြီးမှ ဗိုလ်လုပွဲကို ပြန်ပြီး တက်လှမ်းနိုင်ခဲ့တာဆိုတော့ အလွန်ပျော်သလို ဂုဏ်လည်းယူပါတယ်။ မြန်မာဘောလုံးအသင်းအနေနဲ့ လက်ရှိအခြေအနေမှာ အများကြီးကောင်းလာတယ်။ အရင်တုန်းကထက် လူငယ်ပြိုင်ပွဲတွေများလာတယ်။ သက်တမ်းအလိုက် (၁၂)နှစ်အောက်အထိ ပြိုင်ပွဲတွေ ရှိလာတယ်။ ပြိုင်ပွဲတွေများလာသလို မျိုးဆက်သစ်တွေများလာတယ်။ နောက်မကြာမီမှာ ဘောလုံးရွှေခေတ်လို့တောင် ပြောလို့ရမယ့် အခြေအနေကို ရောက်လာမှာပါ။ အခုဆိုရင် တစ်နိုင်ငံလုံးကလည်း ပိုပြီး စိတ်ဝင်စားလာတဲ့အတွက် ဒီထက်အောင်မြင်မှုတွေ ရရှိလာဦးမှာလို့ ယုံကြည်ပါတယ်။



မချောစုစုဝင်း။



ဦးဇော်နိုင်။



ကိုမြတ်နိုးဦး။

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂။)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) ကိုပုဒ်မ ၂၊ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ်(၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၄၉၊ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၅၅ တို့တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -
"(က)ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ် ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -
"(က)ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသား၊ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် (၁၈)နှစ် ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -
"(က)မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**●ကျောဖုံးမှ**

သွက်သွက် လက်လက်ကစားနိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ဖက်မှပြိုင်ဘက်အသင်းကို လှည့်စားကစားနိုင်သည့် ခြေစွမ်းမျိုး ရှိခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

Football Channel Asia က 3-5-2 ပုံစံဖြင့် First Line up ရွေးချယ်ခဲ့သော အကောင်းဆုံးကစားသမား ၁၁ ဦးမှာ(ဂိုး) ကျော်ဇင်ဖြိုး (မြန်မာ)၊ နောက်တန်း-Tanaboon Kesarat(ထိုင်း)၊ Artit Daosawang (ထိုင်း)၊ Que Ngoc Hai (ဗီယက်နမ်) စသည်ဖြင့်လည်းကောင်း၊ အလယ်တန်း နေလင်းထွန်း (မြန်မာ)၊ စည်သူအောင်(မြန်မာ)၊ Chanathip Song Krasin(ထိုင်း)၊ Vo Huy Toan (ဗီယက်နမ်)၊ Evan Dimas(အင်ဒိုနီးရှား)စသည်ဖြင့် လည်းကောင်း၊ ရှေ့တန်း-Chananan Pombuppha (ထိုင်း)၊ Ngu yen Cong Phuong (ဗီယက်နမ်)စသည်ဖြင့် လည်းကောင်း ဖြစ်ကြသည်။ အရန်ကစားသမား ခုနစ်ဦးရွေးချယ်ရာတွင် ဟိန်းသီဟဇော်(မြန်မာ)၊ Chanin Sae-Eae(ထိုင်း)၊ Mac Hong Quan (ဗီယက်နမ်)၊ Keo Sokpheng (ကမ္ဘောဒီးယား)၊ Syahrul Azwari (မလေးရှား)၊ Faris Ramli (စင်ကာပူ)၊ Paulo Sitanggang (အင်ဒိုနီးရှား)စသည်ဖြင့် ပါဝင်ကြကြောင်း သိရသည်။

**(၆၈၀)**

❖

ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၇**

ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှ ဆောင်ရွက်နေသော အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ရွေးကောက်ပွဲများကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်ပြောကြားရာတွင် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရာ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် အပြောင်းအရွှေ့များရှိသဖြင့် စာရင်းကောက်ယူမှု မရှိသေးကြောင်း၊ မကြာခင်ကာလတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား ညွှန်ကြားချက်ထုတ်ပြန်၍ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အတူနေအိမ်ထောင်စုဝင်များ၏ မဲစာရင်းကို ရယူသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းကပ်သည့်အခါတွင်လည်း သွားရောက်ကြည့်ရှု၍ မဲစာရင်းတွင်မပါက လျှောက်ထားခြင်း၊ အချက်အလက်များ မှားယွင်းနေက ပြင်ဆင်ခြင်း၊ မပါသင့်သူများပါနေပါက ကန့်ကွက်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်မဲပေးခွင့်ရှိသူများမှအပ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးရမည်ဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ တပ်ထဲတွင်ရှိသော်လည်း ရွေးကောက်ပွဲကျင်းပသောနေ့၌ ယာယီတာဝန်သွားရန်ရှိက ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်သော ကြိုတင်မဲပေးခြင်းကို သတ်မှတ်ထားသည့်ရက် နှစ်ရက်တွင် ဆောင်ရွက်နိုင်ကြောင်း၊ နောက်တစ်ပိုင်းမှာ မဲဆန္ဒနယ် ပြင်ပရှေ့တန်းရောက် တပ်မတော်သားများ ကြိုတင်မဲပေးခြင်းဖြစ်ကြောင်း၊ ၎င်းရှေ့တန်းရောက် တပ်မတော်သားများ မဲပေးနိုင်ရန် ကြိုတင်မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ပုံစံ (၁-၂) ဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များရရှိပါက ရှေ့တန်းရောက်တပ်မတော်သားများထံသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးပြီးသော မဲလက်မှတ်များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ မဲရုံပိတ်ချိန်မတိုင်မီ အရောက်ပေးပို့ရမည်ဖြစ်ကြောင်း၊ ၎င်းနောက်ပိုင်း ရောက်ရှိသည့် ကြိုတင်မဲလက်မှတ်များသည် ပယ်မဲဖြစ်ကြောင်း၊ မဲရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍တပ်တွင်းရှိ စာသင်ကျောင်းများတွင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ပြုလုပ်ခဲ့ကြကြောင်း၊ တပ်တွင်းကျောင်းတွင် မဲရုံဖွင့်ပါက မဲရုံများသို့ လာရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲရုံကိုယ်စားလှယ်များ၊ မီဒီယာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ လေ့လာလိုသော လုပ်သားပြည်သူများကို လာရောက်ခွင့်ပြုရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအရ သွားရောက်ခွင့်မပြုနိုင်သည့် နေရာများကို ကန့်သတ်ထားနိုင်ကြောင်း၊ လုံခြုံရေးအရ တပ်တွင်းသို့ ဝင်ရောက်ခွင့်မပြုနိုင်ပါက မဲရုံများကို တပ်ပြင်ပ (သို့မဟုတ်) ရပ်ကွက်/ကျေးရွာအုပ်စုမဲရုံများတွင် မဲပေးရမည်ဖြစ်ကြောင်း၊ တပ်တွင်းရှိ တပ်မတော်သားများနှင့် မိသားစုဝင်များသည် ၎င်းမဲရုံများသို့ ကိုယ်တိုင်သွားရောက်မဲပေးရမည်ဖြစ်ကြောင်း၊ မဲရုံများတွင် မဲပေးသူများအနေဖြင့် တံဆိပ်တုံးနှိပ်ပေးရမည်ဖြစ်သော်လည်း ရှေ့တန်းရောက် တပ်မတော်သားများနှင့် မဲဆန္ဒနယ်ပြင်ပရှိ ကြိုတင်မဲများအနေဖြင့် အမှန်ခြစ်၍ ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော နိုင်ငံသားများနှင့်ပတ်သက်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲပေးနိုင်ရန် ပုံစံ (၁၅) များ ကော်မရှင်မှ ဖြန့်ဖြူးပေးရမည်ဖြစ်သော်လည်း နောက်မကျစေရန် မြန်မာနိုင်ငံသံရုံးများသို့ ပုံစံ (၁၅) CD များ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ Online မှ download ရယူနိုင်ကြောင်း၊ ပုံစံ (၁၅) များကို ဖြန့်ဝေရာတွင် ကော်မရှင်ကို အချိန်မီပေးပို့နိုင်ရေးအတွက် ပြန်လည်အပ်နှံရမည့် အချိန်ကန့်သတ်ပေးရန်လိုကြောင်း၊ နိုင်ငံခြားသို့ တရားဝင်ရောက်ရှိနေသူများစာရင်းကို ကြိုတင်ပြုစုထားရှိရန် သံရုံးများသို့ ပြောကြားထားသဖြင့် ပြုစုပြီးစာရင်းများ ကော်မရှင်သို့ ပေးပို့လျက်ရှိကြောင်း၊ ဆက်လက်၍ စာရင်းပြုစုလျက်ရှိသည်ကိုလည်း သိရှိရကြောင်း၊ သက်ဆိုင်ရာမြို့နယ်မဲဆန္ဒနယ်များအလိုက် စုစည်းပြီး မဲစာရင်းတွင် ပါရှိရေးဆောင်ရွက်လျက်ရှိကြောင်း၊ သံရုံးများအနေဖြင့် မဲပေးနိုင်ရေးကို သံရုံး Website နှင့် ကြော်ငြာဘုတ်များတွင် ကပ်ထားရန်လိုကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ကြားထားကြောင်း၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များတွင် Long Term, Short Term Observer များ၊ အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအားလေ့လာရန် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ ပြည်ဝင်ခွင့်ဗီဇာရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Long Term Observer များကို MoU လက်မှတ်ရေးထိုးစေပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး Code of Conduct များကို လိုက်နာစေမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Procedure)များကိုပေးထားကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့် လိုက်နာရမည့် အချက်များရှိပါက အကြံပြုရန်လိုကြောင်း၊ Long Term Observer များအတွက် စောင့်ကြည့်လေ့လာရေးကာလကို ရွေးကောက်ပွဲကျင်းပမည့်နေ့ သတ်မှတ်ကြေညာသည်မှ လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကြိမ်ဆိုပြီးသည်အထိ သတ်မှတ်ထားကြောင်း၊ ပြည်ပမှ ကြိုတင်ဆန္ဒမဲများ ပြန်လည်ပေးပို့ရာတွင်လည်း ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီမတိုင်မီ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အချိန်မီရောက်ရှိရေးအတွက် အချိန်တွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ သံရုံးအကြီးအမှူး၊ အမြဲတမ်း ကိုယ်စားလှယ်ရုံးအကြီးအမှူး၊ ကောင်စစ်ဝန်ရုံး အကြီးအမှူးတို့က တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှို့ဝှက်မဲပေးစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည်နိုင်ငံအတွက် အသက်တမျှအရေးကြီးကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဘက်လိုက်မှုမရှိဘဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးရအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်ဘက်ဥပဒေနှင့် နယ်ဘက်ဥပဒေများကို လိုက်နာရသည်နှင့်အညီ ရွေးကောက်ပွဲဆိုင်ရာဥပဒေများကိုလည်း လေးစားလိုက်နာပြီး တိတိကျကျ ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

# ထိပ်သီးအစည်းအဝေးများကျင်းပရာ လုံခြုံရေးအစီအမံများ

**မေး/ရေး-မိုးသူဇာစိုး**
**ဓာတ်ပုံ-မုဒြာ**

**ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန (MICC-1) တွင် ကျင်းပတော့မည့် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိရာ အစည်းအဝေးတက်ရောက်မည့် နိုင်ငံ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များအတွက် လုံခြုံရေးအစီအမံများ ဆောင်ရွက်နေကြသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည်။**

**ရဲမှူးကြီး ခင်ဇော်**
**လုံခြုံရေးဆပ်ကော်မတီရုံးအဖွဲ့တာဝန်ခံ**
**အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲ၊ နေပြည်တော်**

အခုလာမယ့် ထိပ်သီးအစည်းအဝေးမှာ လုံခြုံရေးအင်အားရဲ့ ၂၅ ရာခိုင်နှုန်းကို ဇွန် ၅ ရက်မှာ စတင်အသုံးပြုခဲ့ပြီး ဇွန်လ ၁၀ ရက်နေ့မှာ ၅၀ ရာခိုင်နှုန်းနဲ့ ဇွန်လ ၁၆ ရက်နေ့မှာတော့ ၁၀၀ ရာခိုင်နှုန်း ရာနှုန်းပြည့် အသုံးပြုပြီး စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လုံခြုံရေးကဏ္ဍကို အပိုင်းခုနစ်ပိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ လူပုဂ္ဂိုလ် လုံခြုံရေး၊ တည်းခိုနေရာ လုံခြုံရေး လမ်းကြောင်းလုံခြုံရေး၊ ယာဉ်တန်းလုံခြုံရေး၊ နယ်မြေတစ်ခုလုံး လုံခြုံရေး၊ အရေးပေါ်ဖြစ်လာတဲ့အခါ ဆောင်ရွက်မယ့်လုံခြုံရေးနဲ့ မီးဘေးလုံခြုံရေးတို့ ဖြစ်ပါတယ်။

နိုင်ငံ့ခေါင်းဆောင်တွေအတွက်ဆိုရင်လည်း တည်းခိုနေရာ၊ လူပုဂ္ဂိုလ် လုံခြုံရေးတွေပါ စီမံဆောင်ရွက်ပေးရပါတယ်။ ယာဉ်တန်းတွေနဲ့တည်းခိုမယ့် နေရာတွေပါဝင်ပြီး တစ်နိုင်ငံချင်းစီရဲ့ လုံခြုံရေးအတွက်ကို ရဲမှူးကြီးတစ်ဦး၊ ဒုရဲမှူးကြီးတစ်ဦး၊ ရဲမှူးတွေနဲ့ကြီးကြပ်ပြီး အင်အားနှစ်စုဖြစ်တဲ့ ၃၀ နဲ့ ၅၀ ကြား ပေးထားပါတယ်။

နယ်မြေလုံခြုံရေး ဆောင်ရွက်နေတာမှာ ထူးခြားဖြစ်စဉ်မရှိပါဘူး။ သတင်းအရလည်းမရှိဘူး၊ ရှာဖွေစစ်ဆေးတွေ့ရှိတာတွေလည်း မရှိပါဘူး။ ယာဉ်တန်း အစီအစဉ်တွေကတော့ အာဆီယံထိပ်သီးအစည်းအဝေးတုန်းက ဆောင်ရွက်ခဲ့သလိုပါပဲ။ ဇာတ်တိုက်လေ့ကျင့်မှုအနေနဲ့က ဇွန်လ ၁၆ ရက်နေ့မှာ တစ်ကြိမ် ဆောင်ရွက်ပါတယ်။ ဇွန်လ ၁၈ ရက်နေ့မှာ တစ်ကြိမ် ထပ်ပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒီအစည်းအဝေးမှာ ကတ်စနစ်ကို ပြင်လိုက်ပါတယ်။



ရဲမှူးကြီးခင်ဇော်။



ရဲတပ်သားဇော်ဝေယံ။



ရဲအုပ်အေးအေးမော်။

အာဆီယံထိပ်သီးအစည်းအဝေးတုန်းကတော့ သာမန်ကတ်နဲ့ဝင်တာလို မဟုတ်ဘဲ ဓာတ်ပုံတွေပါပြီး အွန်လိုင်းကနေကြိုပြီးတော့ မှတ်ပုံတင်ပြီး ကတ်နဲ့ ဝင်မယ်ဆိုရင် Card Reader နဲ့ ဖြတ်ပြီးမှ ဝင်လို့ရမယ်။ အထဲမှာလည်း အဆင့်နှစ်ဆင့်နဲ့ ကျော်ဖြတ်ရမှာ ဖြစ်ပါတယ်။ Level 1 ဆိုရင် ကတ်တစ်ခုနဲ့ Level 2 အစည်းအဝေးနေရာကို တက်မယ်ဆိုရင် ကတ်နှစ်ခုကို သုံးရပါမယ်။ လုံခြုံရေးအဆင့်ကို ပိုပြီးတိုးမြှင့်ထားတာ ဖြစ်ပါတယ်။

ဒီနေ့ကစပြီး လုံခြုံရေးကို အပြည့် စယူနေပါပြီ။ လုံခြုံရေးကို ဧရိယာနှစ်ခု ပိုင်းလိုက်ပါတယ်။ ဧရိယာ(၁)က အစည်းအဝေးကျင်းပမယ့် ဒီ MICC 1 နဲ့ ဧရိယာ(၂)ကတော့ နိုင်ငံ့ခေါင်းဆောင်တွေ တည်းခိုမယ့် နိုင်ငံတော်ဧည့်ဂေဟာ။ အဲဒီနေရာတွေရဲ့ ဝင်ထွက်ခွင့်တွေအားလုံးကိုလည်း ပိတ်ဆို့နေရာတွေကနေ စိစစ်ပြီးတော့ အထဲကိုပေးဝင်တဲ့စနစ်ကို စလုပ်နေပါပြီ။ ဗဟိုစည်း၊ အနီးစည်းနဲ့ အပြင်စည်းတွေဖြစ်တဲ့ စည်းသုံးစည်းလုပ်ရမယ့် စစ်ဆေးမှုတွေ ဒီနေ့ကစပြီး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

လုံခြုံရေး ရဲတပ်ဖွဲ့ခွဲက ဂိတ်အဝင်မှာ ကားနဲ့လူကို စစ်မယ်။ လုံခြုံရေးရဲတပ်ဖွဲ့မှာ အမျိုးသမီးရဲမေအဖွဲ့လည်း ပါဝင်ပါတယ်။ ဒီအဖွဲ့တွေက ကတ်နဲ့ လူကိုစစ်ပါတယ်။ နောက်ပြီး သတင်းရဲတပ်ဖွဲ့နဲ့ပေါင်းပြီး နောင်ရိုးအဖွဲ့က ကတ်ကို စစ်ပေးပါတယ်။

**ရဲအုပ်အေးအေးမော်**
**နေပြည်တော်တိုင်းအကူတပ်ဖွဲ့**

ကျွန်မတို့က နေပြည်တော်တိုင်းအကူတပ်ဖွဲ့ပါ။ လုံခြုံရေးကို အတွင်းစည်းလို့ခေါ်တဲ့ ဒီ MICC အဓိကဝင်ပေါက်မှာ လုံခြုံရေးတာဝန် ထမ်းဆောင်နေပါတယ်။ အတွင်းစည်းက အမျိုးသမီးတပ်ဖွဲ့မှာ အင်အား ၄၀ နဲ့ တာဝန်ထမ်းဆောင်နေပါတယ်။

အတွင်းစည်းက ဂိတ်အဝင်အထွက်မှာ လူ၊ ပစ္စည်းမှာ မိုင်းရှာဖွေတာတွေ ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ Hand Data နဲ့ လူကိုစစ်ဆေးတာ X Ray စက်ဖြတ်ပြီး ပစ္စည်းကို စစ်ဆေးတာတွေ ဆောင်ရွက်နေပါတယ်။

တာဝန်ထမ်းဆောင်နေတာ နေပြည်တော်မှာ လေးနှစ်လောက်ရှိပါပြီ။ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ပွဲတွေ တော်တော်များများ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရှာဖွေစစ်ဆေးတဲ့အခါမှာ ထူးခြားချက်တွေအနေနဲ့ သိပ်တော့ မရှိပါဘူး။ မသင်္ကာရင်တော့ သေချာရှာဖွေစစ်ဆေးရတာတွေရှိပါတယ်။ ကြီးကြီးမားမား ပြဿနာမရှိပါဘူး။ သံထည်နဲ့လုပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေနဲ့ မိန်းကလေးအသုံးအဆောင်ပစ္စည်းလေးတွေ ပါလာတာလောက်ပဲ ရှိပါတယ်။

ကျွန်မတို့ တပ်ဖွဲ့ဝင်တွေအနေနဲ့လုံခြုံရေးစည်း မကျိုးပေါက်စေဖို့ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။ ပထမဆုံးမျက်လုံးကို ဖတ်တာကစပြီး အနေအထားကို သုံးသပ်ရပါတယ်။ အဓိကကတော့ လုံခြုံရေးစည်းမကျိုးပေါက်ဖို့ကို တာဝန်ယူဆောင်ရွက်နေပါတယ်။

**ရဲတပ်သားဇော်ဝေယံ**
**လုံခြုံရေးတပ်ရင်း(၁၉)**

ကျွန်တော်တို့ ဒီမှာ တာဝန်စပြီးထမ်းဆောင်တာ ဇွန်လ ၁၁ ရက်နေ့ကတည်းကပါ။ ပွဲပြီးတဲ့အထိ တာဝန်ယူသွားမှာပါ။ ဒီမှာက အဓိကအနေနဲ့ ယာဉ်အဝင်အထွက်၊ လုံခြုံရေးနဲ့ ကားမှတ်တမ်းတွေ တာဝန်ယူဆောင်ရွက်ရပါတယ်။ ဒီအမှတ် (၆) ဂိတ်မှာ တာဝန်ကျတာက ကျွန်တော်တို့ အရာရှိတစ်ယောက်နဲ့ တပ်သားခြောက်ယောက်ရှိပါတယ်။ လုံခြုံရေးပိုင်းအနေနဲ့ ဆောင်ရွက်ရတာ ပုံမှန်ပါပဲ။ ထူးခြားချက် မရှိပါဘူး။

*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မဲဆန္ဒရှင်တွေကို ကျေးဇူးတုံ့ပြန်သောအားဖြင့် လူထု၏ မူလအခွင့်အရေးများကို ပိတ်ပင်တော့မှာလား

မောင်ကို

လွှတ်တော်ကထုတ်ပြန်လိုက်တဲ့ အခြေခံဥပဒေပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို သေသေချာချာဖတ်ရှုပြီးတဲ့နောက် ဒီဆောင်းပါးကို ရေးသားလိုက်ရပါတယ်။ ကျွန်တော်နားလည်သလောက်ကတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ သမ္မတစနစ်ကို အဓိကဦးတည်ပုံဖော်ထားတာဖြစ်ပြီး ၁၉၄၇ ခုနှစ် အခြေခံဥပဒေသဘောတရားတွေ စိမ့်ဝင်နေခဲ့ပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲ ပြန်လည်လေ့လာကြည့်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့သူတွေဟာ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ဖို့ တစ်ပါတီစနစ်ဖွဲ့စည်းပုံဖြစ်တဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို ကိုးကားနိုင်ခြင်းမရှိခဲ့တဲ့အတွက် ၁၉၄၇ အခြေခံဥပဒေကို အများဆုံးကိုးကားရေးသားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော်လည်း သမ္မတစနစ်ကို ပုံဖော်နိုင်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်ထားတယ်ဆိုတာလည်း တွေ့ရှိရပါတယ်။

အစိုးရသတင်းစာတွေမှာ ဖော်ပြထားတဲ့ ပြင်ဆင်တဲ့ဥပဒေမူကြမ်း၊ အခြေခံဥပဒေ မူလပြဋ္ဌာန်းချက်တွေနဲ့ နှိုင်းယှဉ်ချက်ဇယားတွေအရ **ပထမဆုံးအချက်**အနေနဲ့ လွှတ်တော်ကိုမေးချင်တာက ပါလီမန်စနစ်ကို ပြန်ပြီး အသက်သွင်းချင်တာလားဆိုတဲ့ မေးခွန်းပါပဲ။ အခွင့်အာဏာဟူသမျှ လွှတ်တော်ကရယူပြီး အာဏာရှင်လွှတ်တော်ပုံစံမျိုး ဖန်တီးနေတာဟာ သိပ်ကိုအန္တရာယ်များတဲ့ လုပ်ရပ်ဖြစ်ကြောင်း သတိပြုသင့်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှ အကွဲအပြဲတွေ ဘာကြောင့်ဖြစ်ခဲ့ရသလဲ။ စစ်ဘက်အာဏာသိမ်းမှုတွေ ဘာကြောင့်ဖြစ်ခဲ့ရသလဲ။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ ဒီကနေ့အချိန်အထိ မပြီးနိုင်မစီးနိုင်တဲ့ ပဋိပက္ခမီးတွေ ဘာကြောင့် တောက်လောင်ခဲ့ရသလဲ။ ဒါတွေကို ပြည်သူ့ကိုယ်စားလှယ်တွေနှိုင်းယှဉ်စဉ်းစားလေ့လာမှုတွေ လုပ်ခဲ့ပါသလား။ အင်္ဂလိပ်ပါလီမန်မှာ **"မိန်းမကို ယောက်ျားဖြစ်အောင်၊ ယောက်ျားကို မိန်းမဖြစ်အောင် မလုပ်နိုင်တာကလွဲလို့ ပါလီမန်ဟာ အရာရာလုပ်နိုင်တယ်" "Parliament can do everything but make a woman a man and a man a woman"**ဆိုတဲ့ စကားရှိပါတယ်။ ဒါက ပါလီမန်အာဏာရှင်ဖြစ်ကြောင်း ထင်ရှားစေတဲ့စကားဖြစ်ပါတယ်။ ဒါပေမယ့် သတိထားဖို့က အဲဒီလိုပြောခဲ့တဲ့ **ဗြိတိန်နိုင်ငံမှာ အခြေခံဥပဒေဆိုတာ မရှိဘူး**ဆိုတာပါပဲ။

Check And Balance ဆိုတဲ့ သဘောတရားကို တဖွဖွရေရွတ်ခဲ့ကြပါတယ်။ ကိုယ်ကသူများတွေကို ထိန်းကျောင်းမှုပြုလုပ်ရင် ကိုယ့်ကိုလည်း သူများတွေက ပြန်ပြီးထိန်းကျောင်းမှုပြုတာကို ခံနိုင်ဖို့လိုပါတယ်။ အခုပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ မူလအာဏာပိုင်ရှင် ပြည်သူတွေကနေ ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေကို တာဝန်မှပြန်လည် ရုပ်သိမ်းခွင့်ပေးထားတဲ့ ပုဒ်မကို ပယ်ဖျက်ထားပါတယ်။ Right to Recall လို့ခေါ်တဲ့ ဒီပုဒ်မကို ဘာကြောင့် ပယ်ဖျက်ရတာလဲဆိုတာနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိလိုပါတယ်။ တောင်ဥက္ကလာပမြို့နယ်၊ တံတားဦးမြို့နယ်၊ ရခိုင်ပြည်နယ်မှ မြို့နယ်အချို့က ရွေးချယ်တင်မြှောက်ခဲ့တဲ့ အမတ်တွေကို အဲဒီမဲဆန္ဒနယ်က ပြည်သူတွေက ဖြုတ်ချဖို့ လက်မှတ်ရေးထိုး တောင်းဆိုခဲ့ကြကြောင်း သိခဲ့ရပါတယ်။ လိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းထားတာမရှိသေးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဥပဒေကြမ်းပြုစုပြီး အချိန်ဆွဲလာခဲ့တာ လွှတ်တော်သက်တမ်းကုန်ဆုံးခါနီး ရက်ပိုင်းပဲလိုတဲ့အချိန်အထိဖြစ်ပါတယ်။ အခုတော့ ပေါ်ပေါ်ထင်ထင်ပါပဲ၊ ဒီပုဒ်မကို ပယ်ဖျက်ပစ်မယ်ဆိုတော့ မတင့်တယ်ဘဲ ရုပ်ဆိုးနေမယ်ထင်ပါတယ်။ ဒါဟာ မဲဆန္ဒရှင်ပြည်သူတွေကို လှည့်စားရာ၊ မထီမဲ့မြင်ပြုရာရောက်နေပါတယ်။ လွှတ်တော်ရဲ့ ဥပဒေပြုခွင့်အာဏာကို အသုံးချပြီး လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အကျိုးစီးပွားတစ်ခုတည်းကို ရှေးရှုရာရောက်ပါတယ်။ တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတွေမှာဆိုရင် ဒီလို လုပ်ဆောင်ချက်မျိုးဟာ အာဏာ အလွဲသုံးစားမှု၊ အဂတိလိုက်စားမှုတွေနဲ့ အရေးယူလို့ရပါတယ်။ မေးချင်တဲ့မေးခွန်းတစ်ခုက အပြန်အလှန်ထိန်းကျောင်းရေးဆိုတဲ့ ယန္တရားကို ဘာဖြစ်လို့ ဖျက်ပစ်ချင်တာလဲ ဆိုတာပါပဲ။ နောင်အစဉ်အဆက် အာဏာရှင်လွှတ်တော်၊ တစ်ပါတီအာဏာရှင်တွေ ပေါ်ထွန်းလာအောင် ဒီကနေ့လွှတ်တော်အမတ်တွေက ကြိုးပမ်းခဲ့တယ်ဆိုတာမျိုး ပြောစမှတ် ဖြစ်လာနိုင်ပါတယ်။ အလေးအနက်ထားပြီး ထောက်ပြလိုပါတယ်။ ပြည်သူ့ကိုယ်စားလှယ်မှန်ရင် မူလအာဏာပိုင်ရှင် ပြည်သူလူထုရဲ့ ထိန်းကျောင်းခွင့်ကို ပယ်ဖျက်ခြင်းမပြုကြဖို့ တောင်းဆိုချင်ပါတယ်။ ကိုယ့်ကို ရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူတွေအပေါ် သစ္စာရှိပါ၊ ရိုးသားကြပါဆိုတာကို ပြောချင်ပါတယ်။ Right to Recall ပုဒ်မဖြစ်တဲ့ ပုဒ်မ ၃၉၆(ခ)ကို ဘာကြောင့် ပယ်ဖျက်ရတယ်ဆိုတဲ့ ရှင်းလင်းချက်နဲ့ ဒီကနေ့အထိ အဲဒီပုဒ်မ အသက်မဝင်အောင်ဆောင်ရွက်ထားတဲ့ အခြေအနေတွေကို ပြည်သူလူထုကို ရှင်းလင်းတင်ပြပေးဖို့ ပြည်သူတစ်ဦးအနေနဲ့ တောင်းဆိုလိုပါတယ်။ **လွှတ်တော်အနေနဲ့ ပြည်သူလူထုကို ဒီကိစ္စရှင်းလင်းပေးဖို့ တာဝန်ရှိပါတယ်။**

**ဒုတိယအချက်**အနေနဲ့ ပုဒ်မ ၃၉၆(ခ)ကို ပယ်ဖျက်လိုက်ခြင်းဟာ အခြေခံမူတွေနဲ့ ညီညွတ်ခြင်းရှိ၊ မရှိ စဉ်းစားသုံးသပ်ကြဖို့ လိုပါတယ်။ အခြေခံဥပဒေ၊ အခန်း(၁) အခြေခံမူများ၊ ပုဒ်မ ၃၈ မှာ ဒီလိုမျိုး ပြဋ္ဌာန်းထားပါတယ်-

"၃၈။ (က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။"

ပုဒ်မ ၃၉၆(ခ)ဟာ အခြေခံမူများရဲ့ ပုဒ်မ ၃၈ အရ ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။ မူလမဲဆန္ဒရှင်တွေရဲ့ အထူးအခွင့်အရေးဆိုတာ လွှတ်တော်အမတ်တွေ သဘောပေါက်ကြစေလိုပါတယ်။ ဒီနေရာမှာ လွှတ်တော်အနေနဲ့ နားလည်ဖို့လိုတာက မူလမဲဆန္ဒရှင် ပြည်သူတွေရဲ့ အခွင့်အရေးကို ပယ်ဖျက်ချင်တယ်ဆိုရင် ပထမဆုံး ပုဒ်မ ၃၈ ကို ပယ်ဖျက်ဖို့လိုပါတယ်။ ပုဒ်မ ၃၈ ကို ပယ်ဖျက်မယ်ဆိုရင် ပြည်သူ့ဆန္ဒခံယူဖို့လိုပါတယ်။ ပုဒ်မ ၄၃၆ ပြဋ္ဌာန်းထားချက်အရ ပြည်သူလူထုရဲ့ သဘောတူညီမှုကို ရယူဖို့လိုပါတယ်။ မူလမဲဆန္ဒရှင်တွေရဲ့ အခွင့်အရေးကို မူလမဲဆန္ဒရှင်ပြည်သူတွေကို ပြန်ပြီးအတည်ပြုချက် ရယူရခြင်းဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်ကြစေလိုပါတယ်။ ဒီအတိုင်းဆိုရင်တော့ ဒီအခြေခံဥပဒေကြီးဟာ ရှေ့နောက်မညီတဲ့ အခြေခံဥပဒေဖြစ်လာမှာ ကျိန်းသေပါတယ်။

**တတိယအချက်**အနေနဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတစ်ရပ်ဖြစ်တဲ့ Right to Recallကို ပယ်ဖျက်ဖို့ကြိုးစားခြင်းဟာ နိုင်ငံတော်ရဲ့ အခြေခံမူတစ်ရပ်ကို ပယ်ဖျက်ဖို့ကြိုးစားခြင်းဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေကို မဖြစ်မနေပေးအပ်ရမယ့် ဒီအခွင့်အရေးကို ပိတ်ပင်ပယ်ဖျက်ခြင်းဟာ လွှတ်တော်အမတ်နဲ့ ပြည်သူအကြားက ပဋိညာဉ်ကိုချိုးဖောက်ရာ ရောက်နေပါတယ်။ ဒီအခွင့်အရေးကို **၁၉၄၇ ခုနှစ် အခြေခံဥပဒေ**ရဲ့ ပုဒ်မ ၇၈ အရ ပေးအပ်ထားပါတယ်။ ဒါ့အပြင် **၁၉၇၄ ခုနှစ် အခြေခံဥပဒေ**၊ ပုဒ်မ ၁၅ နဲ့ ပုဒ်မ ၁၅၅ တို့အရလည်း ပေးအပ်ထားခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၈ အခြေခံဥပဒေမှာ ပါဝင်နေတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေသုံးခုစလုံးမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့ ဒီပြဋ္ဌာန်းချက်တွေကို ဘာဖြစ်လို့ ပယ်ဖျက်ဖို့ စဉ်းစားခဲ့ကြတာလဲ နားလည်၍ မရနိုင်ပါ။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လွှတ်တော်ထဲရောက်သွားပြီဆိုတာနဲ့ မိမိတို့ကို ရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒရှင်တွေကို လျစ်လျူရှုလို့ မရနိုင်အောင် အစဉ်အဆက် အခြေခံဥပဒေရေးဆွဲခဲ့သူတွေက ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ဒီပုဒ်မကိုသာ ပယ်ဖျက်လိုက်ပြီဆိုရင် ရှေးလူတွေက အမြော်အမြင်ရှိရှိ လက်နဲ့ရေးခဲ့တာကို နောက်လူတွေက ခြေနဲ့ဖျက်ရာ ရောက်ရှိသွားစေနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လူထုရဲ့ထိန်းကျောင်းမှု၊ စောင့်ကြည့်မှုကို ခံယူဖို့လိုပါတယ်။ ရဲရဲရင့်ရင့် သတ္တိရှိရှိ ထိန်းကျောင်းခံရဲဖို့ အရေးကြီးပါတယ်။ ဒါမှသာ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ သက်ဆင်းသည်ဆိုတဲ့ အဓိပ္ပာယ်ပြည့်ဝစေမှာဖြစ်ပါတယ်။ လွှတ်တော်ကို ပြည်သူကပြန်ပြီး ထိန်းကျောင်းနိုင်ဖို့ လွှတ်တော်အမတ်တွေ အမတ်ဖြစ်ပြီးတာနဲ့ **ကိုယ့်ကျေးဇူးရှင်တွေရဲ့ အကျိုးကိုဆောင်ရန် မမေ့စေဖို့** လူထုကို ထိန်းကျောင်းခွင့်အပ်နှင်းထားတာဖြစ်ပါတယ်။

**နောက်ဆုံးစတုတ္ထအချက်**အနေနဲ့ ဒီကိစ္စဟာ တစ်နိုင်ငံလုံးအတွက်သာမက နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်ပါ အရေးကြီးလှတဲ့အတွက် နိုင်ငံသားတွေ ဘယ်လိုနိုင်ငံမျိုးတည်ဆောက်ချင်သလဲဆိုတာ ရှင်းရှင်းလင်းလင်းဖြစ်စေဖို့ လူထုသဘောထားကိုရယူဖို့ တောင်းဆိုလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့အတွက် လွှတ်တော်ရဲ့ဥပဒေကြမ်းဟာ ပါလီမန်စနစ်ကို ပြန်လည်အသက်သွင်းနေခြင်းပဲဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ သမ္မတစနစ်နဲ့ သွားချင်သလား၊ ပါလီမန်ဒီမိုကရေစီစနစ်ကိုပဲ ပြန်ပြီးသွားချင်သလားမေးဖို့ လိုပါတယ်။ နိုင်ငံကို ဘယ်စနစ်၊ ဘယ်ပုံစံနဲ့ ထူထောင်ချင်သလဲဆိုတဲ့မေးခွန်းကို ရှင်းရှင်းလင်းလင်းဖြစ်အောင် မေးဖို့၊ အဖြေရှာဖို့လိုပါတယ်။ ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် သိပ်ကိုအရေးကြီးပါတယ်။ ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ ဖြစ်စေချင်တာပြောပါဆိုလို့ရှိရင် သမ္မတစနစ်သွားမယ်ဆိုရင် သမ္မတစနစ်ကို ပီပီပြင်ပြင်ဖြစ်အောင် အခြေခံဥပဒေပြင်ပေးပါ။ ပြည်သူတွေကိုယ်တိုင် သမ္မတကို တိုက်ရိုက်ရွေးချယ်တင်မြှောက်တဲ့ အခွင့်အရေးတွေရရှိလာအောင် အင်ဒိုနီးရှားနိုင်ငံရဲ့ သမ္မတရွေးကောက်တင်မြှောက်ပုံမျိုး၊ အမေရိကန်နိုင်ငံရဲ့ သမ္မတရွေးချယ်ရေးစနစ်လိုမျိုး၊ တောင်ကိုရီးယားနိုင်ငံရဲ့ သမ္မတရွေးချယ်ရေးစနစ်လိုမျိုးဖြစ်အောင် ပြင်ဆင်ပေးပါ။ သတ္တိရှိရှိရဲရဲဝံ့ဝံ့နဲ့ လူထုအနေနဲ့ တိုက်ရိုက် သမ္မတရွေးချယ်ခွင့်ရရှိအောင် ၂၀၀၈ အခြေခံဥပဒေကို ပြောင်းလဲပစ်လိုက်ပါ။ လူထုကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခွင့်ပေးလိုက်ပါ။ ပြီးတော့ လူထုကို ပြန်လည်ဖြုတ်ချခွင့် ပေးလိုက်ပါ။ ဒါဟာ အာဏာသုံးရပ်ရဲ့ မူလပိုင်ရှင် ပြည်သူလူထုရဲ့ ရပိုင်ခွင့်ဖြစ်တာကြောင့် ထိခိုက်ခံလို့မရပါဘူး။

ဒီမိုကရေစီအပြောင်းအလဲမှာ လွှတ်တော်တွေရဲ့ အခန်းကဏ္ဍဟာ သိပ်ကို အရေးကြီးပါတယ်။ ဒါပေမယ့် လွှတ်တော်အာဏာရှင်စနစ်ကိုတော့ လုံးဝမလိုချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းကို ပြန်ကြည့်လိုက်ရင် ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီးပါပြီ။ ဒီပါလီမန်စနစ်ရဲ့ အားနည်းချက်နဲ့ နိုင်ငံရေးသမားတွေရဲ့ လောဘ၊ အာဃာတတွေကို နိုင်ငံ့အရေးအရာဆုံးဖြတ်တဲ့ ပါလီမန်ထဲ သယ်ယူအသုံးချခဲ့တာတွေကြောင့် တိုင်းပြည်ပြိုကွဲရမယ့်အခြေအနေအထိ ရောက်ရှိခဲ့တဲ့ သမိုင်းသင်ခန်းစာရှိပြီး ဖြစ်လို့ပါပဲ။ တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးခဲ့ပြီးပါပြီ။ တိုင်းပြည်ချွတ်ခြုံကျပြီး ဆင်းရဲတွင်းထဲရောက်ရှိခဲ့ရပါတယ်။ တိုင်းပြည်နောက်ကျကျန်ရစ်ခဲ့ပြီး သူများနိုင်ငံတွေက ဖြတ်ကျော်သွားခဲ့ပါတယ်။ အခု Hybrid သမ္မတစနစ်နဲ့ ကျင့်သုံးလာတာ ငါးနှစ်ပြည့်ပါတော့မယ်။ အနည်းဆုံး လူရှိသေ ရှင်ရှိသေတော့ ဖြစ်လာခဲ့တယ်ဆိုတာ ငြင်းလို့မရပါဘူး။

အခြေခံဥပဒေပြင်ရမယ်ဆိုတာ လက်ခံပါတယ်။ ပြင်ချင်ရင်လည်း ရဲရဲကြီးပြင်ပါ။ လူထုကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ရှင်းပြပါ။ လူထုရဲ့ သဘောထားကိုရယူပါ။ ပါလီမန်စနစ်ကို လူထုကကြိုက်ရင် ပါလီမန်ဒီမိုကရေစီကို ပြန်သွားပါ။ သမ္မတစနစ်ကို လူထုကလိုလားရင် သမ္မတစနစ်ကို ပြတ်ပြတ်သားသား ပုံဖော်ပါ။ လက်ရှိ လွှတ်တော်ထဲက အမတ်တွေဟာ လူထုကိုယ်စားရွေးကောက်တင်မြှောက်ထားတဲ့ တစ်ဆင့်ခံကိုယ်စားလှယ်တွေဖြစ်ပါတယ်။ အမှန်ကတော့ အခြေခံဥပဒေပြင်တော့မယ်ဆိုရင် ကိုယ့်မဲဆန္ဒနယ်က ပြည်သူတွေဆီပြန်သွား၊ မဲဆန္ဒရှင်တွေရဲ့ သဘောထားကိုရယူ၊ ပြီးတော့မှ လွှတ်တော်ထဲကိုပြန်သွား၊ ကိုယ့်ကိုရွေးချယ်ပေးခဲ့တဲ့ လူထုသဘောထားအတိုင်း ရပ်တည်ရမှာဖြစ်ပါတယ်။ ကိုယ်တစ်ဦးတည်း သဘောထားနဲ့ ရပ်တည်မရတာကို နားလည်သဘောပေါက်ဖို့လိုပါတယ်။ လွှတ်တော်ထဲမှာ မဲပေးမှုတိုင်း၊ ဆွေးနွေးမှုတိုင်းမှာ လွှတ်တော်အမတ်တစ်ဦးချင်း မဲပေးနေတာ၊ ဆွေးနွေးနေတာ မဟုတ်ဘူး။ ဒီအမတ်ကို ရွေးချယ်ပေးလိုက်တဲ့ ပြည်သူတွေရဲ့ သဘောထားကို ကိုယ်စားပြုပေးနေတယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဒီလိုမျိုး မူလမဲဆန္ဒရှင် ပြည်သူတွေကို ပြန်လှည့်မကြည့်ဘူး၊ ဂရုမစိုက်ဘူးဆိုရင် ပြည်သူတွေက ဒီလိုအမတ်မျိုးကို ဖြုတ်ချပစ်ရမှာပါပဲ။ ဒါက တကယ့်ကို ပီပြင်တဲ့ Check And Balance သဘောတရားပါ။ လူထုကို လေးစားမှုနဲ့ ပေးထားတဲ့ဒီလိုပုဒ်မမျိုးကို အဲဒီလူထုကပဲ တင်မြှောက်ပေးလိုက်တဲ့ လွှတ်တော်အမတ်တွေက ပြင်ဆင်ဖို့ ကြိုးစားလာခဲ့တာဟာ အမှန်တော့ ဝမ်းနည်းစရာကောင်းပါတယ်။

နေပြည်တော်က လွှတ်တော်ခန်းမကြီးတွေထဲမှာ ပထမအကြိမ် လွှတ်တော်အစည်းအဝေးတွေကျင်းပခဲ့တဲ့ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က လွှတ်တော်အမတ်တွေရဲ့ ခံစားခွင့်၊ ရပိုင်ခွင့်တွေကို ပြန်စဉ်းစားပြီး လက်ရှိအချိန်မှာ လွှတ်တော်အမတ်တစ်ဦးချင်း ဘာတွေဘယ်လိုတိုးတက်ရရှိလာပြီလဲဆိုတာ သတိပြုစေလိုပါတယ်။ မိမိကိုယ်တိုင် ဘာတွေပြောင်းလဲသွားပြီလဲဆိုတာ ပြောရရင် အနည်းဆုံးတော့ တစ်လဆယ်သိန်း၊ တစ်လအသုံးစရိတ်ခြောက်သိန်း စုစုပေါင်း တစ်လကို ဆယ့်ခြောက်သိန်း ရရှိနေပါပြီ။ ကဲ ဒါဆိုရင် အဲဒီလို ခန့်ခန့်ညားညားကြီးဖြစ်စေဖို့ တင်မြှောက်ပေးလိုက်တဲ့ ပြည်သူတွေရော ဘာတွေတိုးတက်လာပြီလဲ။ ပြည်သူတွေမှာတော့ အခြေခံဥပဒေက ပေးထားတဲ့အခွင့်အရေးတောင် ပယ်ဖျက်ခံရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပါပြီ။ ဒီလွှတ်တော်သက်တမ်းမှာ လွှတ်တော်အမတ်တွေရဲ့ အကျိုးစီးပွား၊ ရပိုင်ခွင့်တွေ ဘယ်လောက်အထိ လုပ်ဆောင်နိုင်ခဲ့သလဲဆိုတဲ့ အချက်ကို အကျယ်ချဲ့ပြီး မရေးလိုပါဘူး။ တော်တော်ကြီးကို လုပ်ခဲ့ကြတယ်ဆိုတာ ပြည်သူတွေက သိပါတယ်။ အခုပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ သမ္မတရဲ့ အခွင့်အာဏာတွေကို လျှော့ချထားတာတွေ ထင်ထင်ရှားရှား တွေ့မြင်ရသလို မဏ္ဍိုင်(၃)ရပ်အကြား အရှုပ်ရှုပ်အထွေးထွေးဖြစ်စေမယ့် ပြင်ဆင်ချက်တွေ ပါရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ တရားရေးမဏ္ဍိုင်ရဲ့ လွတ်လပ်မှုကို ကန့်သတ်တဲ့ ပြင်ဆင်ချက်တွေ ပါဝင်နေတာ တွေ့ရှိရတဲ့အတွက် လွတ်လပ်မှုမရှိတဲ့ တရားစီရင်ရေးစနစ်ကို ဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်။ မဏ္ဍိုင်ကြီးတစ်ရပ်ရပ်က ဩဇာကြီးထွားလာပြီး အာဏာရှင်ဆန်ဆန် ထိန်းချုပ်တာတွေ မဖြစ်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဆိုတာ ထည့်သွင်းဖွဲ့စည်းထားပါတယ်။ ဒါပေမယ့် လက်ရှိအနေအထားမှာ ခုံရုံးဆိုတာဟာလည်း လွှတ်တော်ရဲ့ ဥပဒေပြင်ဆင်ချက်တွေကြောင့် သီးခြားလွတ်လပ်စွာရပ်တည်နိုင်ဖို့ ခက်ခဲနေပါတယ်။ ခုံရုံးအပါအဝင် တရားစီရင်ရေးမဏ္ဍိုင်တစ်ရပ်လုံးဟာ လွတ်လပ်စွာရပ်တည်နိုင်ရမယ်။ သီးခြားရပ်တည်ရမယ်။ မည်သူ့ဩဇာလွှမ်းမိုးမှုအောက်ကိုမှ ရောက်လို့မရပါဘူး။ တရားဥပဒေအထက်မှာ ဘယ်သူမှ ရှိလို့ မရပါဘူး။ လွှတ်တော်အပါအဝင် ဘယ်သူမှ ဥပဒေအထက်မှာ နေချင်လို့ မရပါဘူး။ လွှတ်တော်ကို ပြန်ပြီးထိန်းကျောင်းနိုင်မယ့် ခုံရုံးဟာ ဥပဒေပြင်ဆင်ချက်တွေကြောင့် လွတ်လပ်စွာရပ်တည်နိုင်မှု အားနည်းခဲ့ရပြီး ဖြစ်ပါတယ်။ ယခုတစ်ခါ ပြည်သူလူထုရဲ့ ပြန်လည်ထိန်းကျောင်းခွင့်ကို ပယ်ဖျက်ဖို့ အားထုတ်လာတာကို တွေ့ရပါတယ်။ ဒါဟာ ကိုယ့်ကိုတင်မြှောက်ပေးလိုက်တဲ့ လူထုရဲ့ကျေးဇူးတရားကို မသင့်မလျော်ပိတ်ပင်တဲ့လုပ်ရပ်ဖြစ်တာကြောင့် အချိန်မီတားဆီးကာကွယ်ကြဖို့ လိုပါတယ်။ **မဲဆန္ဒရှင်တွေကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မူလအခွင့်အရေးတွေ ပယ်ဖျက်လိုက်သည်** ဆိုတာမျိုးက ကြားလို့တောင် မကောင်းနိုင်ပါဘူး။

အချုပ်အားဖြင့် တင်ပြရရင် အခြေခံဥပဒေပြင်ဆင်တဲ့ ဥပဒေကြမ်းဟာ **"ပါလီမန်သည်သာ အခရာ" Parliament is the King ဆိုတဲ့ ပုံစံမျိုးကို ဦးတည်ပြီး ပြင်ဆင်ထားတယ်** လို့ပဲ ပွင့်ပွင့်လင်းလင်း အားမနာတမ်း ဝေဖန်ချင်ပါတယ်။ ဒါကြောင့် တစ်ကျော့ပြန်ပါလီမန်အကွဲအပြဲ အဆိုးသံသရာဇာတ်လမ်းအတိုင်း တိုင်းပြည်ကို အန္တရာယ်ကြားထဲဆွဲမသွင်းကြဖို့၊ မဲဆန္ဒရှင်ပြည်သူတွေရဲ့ မူလအခွင့်အရေးဆိုတာ ပိတ်ပင်ကောင်းတဲ့ အရာမဟုတ်တဲ့အတွက် အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်တွေကို လေးစားကြဖို့ အလေးအနက်ထား မေတ္တာရပ်ခံတင်ပြလိုက်ရပါတယ်။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး



ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်။

**နေပြည်တော် ဇွန် ၁၇**

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စု လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၀)ရက်မြောက်နေ့တွင် ဆွေးနွေးသည်။

အစည်းအဝေး၌ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များက ပါဝင် ဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသား လွှတ်တော်က ပညာရှင်ကို အမှီအခိုကင်းသည့်ပညာရှင်ဟု တင်ပြခဲ့ခြင်း ရည်ရွယ်ချက်မှာ ပညာရှင်ဖြစ်ရုံသာမက ဘက်မလိုက်ခြင်း၊ လွတ်လပ်စွာ ရပ်တည်သော၊ အမှီအခိုကင်းသောဟု ဆိုလိုပါကြောင်း၊ ပြီးခဲ့သည့် အမျိုးသား ပညာရေးဥပဒေကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သည့် နောက်ဆက်တွဲကိစ္စများတွင် ပါဝင်ပတ်သက်ခဲ့သူများသည် အမှီအခိုကင်းစွာ မရပ်တည်နိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံ အကဲဖြတ်မှုကော်မတီတွင် ထိပ်တန်းပညာရှင်များ ပါဝင်သင့်ပြီး အမှီအခိုကင်းသည့် ပညာရှင်များဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော် အတိုင်း အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ကျောင်းသား သမဂ္ဂများ၏အသံ၊ ခံစားချက်များကို တင်ပြနိုင်ရန်အတွက် သမဂ္ဂမှရွေးချယ် ပေးလိုက်သည့် ပညာရှင်များ၏ အခန်းကဏ္ဍကို ထင်ဟပ်ရန်လိုအပ်ပါကြောင်း၊ ယနေ့တွင် ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ် အခန်းကဏ္ဍကို ငြင်းပယ်ခြင်းသည် သမိုင်းတွင် ပြန်လည်မေးခွန်းထုတ်ခံရမည်ဖြစ်ပါကြောင်း၊ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် တင်ပြလိုပါကြောင်း ဆွေးနွေး သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက ဥပဒေကြမ်း တွင်ပါဝင်သည့် အပိုဒ်အချို့သည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော်လည်း အဓိပ္ပာယ်တူညီမှုရှိသဖြင့် ဥပဒေသဘောအရ စကားလုံးကျစ်လျစ်စွာဖြင့် ရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်စီမံကိန်းများကြောင့် ထိခိုက်နစ်နာမှုများ ဖြေရှင်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဇွန် ၁၇**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၆၆)ရက်မြောက် နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက **မြန်မာ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စု လွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ခြင်း ရှိ မရှိနှင့် နိုင်ငံတော်၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သတင်းအချက် အလက်များကို အများပြည်သူ သိရှိစေရန်အတွက် ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ထုတ်ပြန်ကြေညာခဲ့ခြင်း ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ ဗဟိုဘဏ်၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သော ငွေကြေးတည်ငြိမ်ရေး၊ ငွေရေး ကြေးရေးစနစ်တည်ငြိမ်ရေးနှင့် ထိရောက်သောငွေပေးချေမှုနှင့် စာရင်း ရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက် များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၄ ခုနှစ် မတ်လတို့တွင် လွှတ်တော် သို့ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက တင်ပြအစီရင်ခံခဲ့ပါကြောင်း။

ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ သတင်းအချက်အလက်ထုတ်ပြန်မှု ဆောင် ရွက်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးဆိုင်ရာအစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာ အစီရင်ခံစာနှစ်ခု ထုတ်ပြန်နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာ စာရင်းအင်းများကို အမှန် ကိန်းဂဏန်းများ မရရှိနိုင်သေးသည့်အတွက် တင်ပြနိုင်ခြင်းမရှိသေး သော်လည်း အမှန်ကိန်းဂဏန်းများရရှိသည့်အခါတွင် လွှတ်တော်သို့တင်ပြ ခြင်းကိုလည်းကောင်း၊ အများပြည်သူသိရှိစေရန်အတွက် ထုတ်ပြန်ကြေညာ ခြင်းကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်သန်းဦး။



မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်က **သံလွင်မြစ်ပေါ်တွင် တည် ဆောက်မည့် ရေကာတာစီမံကိန်းများကြောင့် ဒေသခံများ၏ လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ ဆုံးရှုံးရမှုအတွက် မည်သို့လျော်ကြေးပေးမည်နှင့် ရေကာ တာ ဧရိယာအတွင်းရှိ သစ်များခုတ်ခြင်း၊ သဘာဝသယံဇာတများ တူးဖော် ထုတ်ယူခြင်းများကို မည်သို့လုပ်ဆောင်မည်ကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက စီမံကိန်းများဆောင်ရွက်ရာတွင် လူမှုစီးပွားဘဝ တာဝန်ယူမှုဆိုင်ရာ ဆောင်ရွက် မှုအခြေအနေများကိုလည်း ကွင်းဆင်းညှိနှိုင်းပြီးဖြစ်ပါကြောင်း၊ ဒေသအခြေ အနေနှင့် လိုက်လျောညီထွေရှိမည့် သီးနှံ၊ သစ်ပင်များကိုညှိနှိုင်းပေးလျော် ရန်ဆွေးနွေးပြီးဖြစ်ပါကြောင်း။

ကွမ်းလုံစီမံကိန်းမှလွဲ၍ သံလွင်မြစ်ပေါ်ရှိ အခြားသောစီမံကိန်းများအတွက် ဖြစ်ပေါ်လာနိုင်မည့် အကျိုးသက်ရောက်မှုများကို တင်ပြနိုင်ခြင်းမရှိသေးပါ ကြောင်း၊ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ထိခိုက်မည့် ရော်ဘာပင်များအတွက် နစ်နာကြေးများညှိနှိုင်းပေးချေလျက်ရှိပါကြောင်း၊ ပြောင်းရွှေ့ပေးရမည့် အိမ်ထောင်စု ၆၇ စုကိုလည်း ESIA အစီရင်ခံစာပါ တင်ပြချက်များအတိုင်း ပြည်သူလူထုကျေနပ်သည့်အဆင့် ရောက်ရှိသည်အထိ ဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံရွာသားများ ညှိနှိုင်းပြီးစီးပြီ ဖြစ်ပါကြောင်း၊ ထိခိုက်ဆုံးရှုံးသည့် သဘာဝပတ်ဝန်းကျင်အား ပြန်လည်ကုစား ပေးရေး၊ သစ်တောများပြန်လည်ပြုစုရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုများ ပြန်လည်ကုစားရေးများကိုပါ ဆောင်ရွက်သွားရန် ဖက်စပ်ကုမ္ပဏီမှ ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း၊ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့်စီမံကိန်းများ ကြောင့် ထိခိုက်နစ်နာမှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**



# ဒုတိယဝန်ကြီး ဦးပိုက်ထွေး မြိတ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက် စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်လှူဒါန်း

**မြိတ် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးပိုက်ထွေးနှင့် တနင်္သာရီ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးအောင်ကျော်ကျော်ဦး တို့သည် ဇွန် ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရှိ ပထက်ကျေးရွာ စာကြည့်တိုက် တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုအားပေးပြီး ကျေးရွာ စာကြည့်တိုက် ကော်မတီဝင်များအား စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာ စေရေးအတွက် ဆွေးနွေးပြောကြား သည်။

ထို့နောက် ပထက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်ကို သွား ရောက်ကြည့်ရှုအားပေးကာ အလှူ ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းပြီး ကျောင်းစာကြည့်တိုက်များ စာဖတ် ရှိန်မြှင့်တင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေး အတွက် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တနင်္သာရီမြို့နယ်သို့ သွားရောက်ကာ ကျေးရွာစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေး ကိစ္စများကိုလည်းကောင်း၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် အစိုးရက ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားပြီး စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တနင်္သာရီမြို့နယ် ပဝကျေးရွာသို့သွားရောက်၍ လူငယ် ဖွံ့ဖြိုးရေးပရဟိတ(အမျိုးသား)ဂေဟာ ရှိ ကျောင်းသားလူငယ်များအတွက် အစားအစာနှင့် စာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကာ ဒေသခံပြည်သူများနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေး အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ရုရှားနိုင်ငံလုံခြုံရေးကောင်စီ အတွင်းရေးမှူးအား လက်ခံတွေ့ဆုံ

**မော်စကို ဇွန် ၁၇**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပီပက်ထရစ် ရှက်ဖ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မော်စကိုမြို့ရှိ ခေတ္တတည်းခိုသည့် ပရဲစီးဒင့်တ်ဟိုတယ်ရှိ LIBRARY HALL ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒေါက်တာကိုကိုဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံမှ ဒုတိယဝန်ကြီးများ၊ ရုရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် မြန်မာနှင့်ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" တို့အကြား နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာကာကွယ်မှု၊ နျူကလီးယား စွမ်းအင်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ရောင်ခြည်သက်ရောက်မှုအပေါ် ဆန်းစစ်မှု၊ နျူကလီးယားဆေးပညာ အသုံးပြုကုသသောရောဂါကာကွယ်နည်း ကုထုံးဆိုင်ရာ နည်းပညာနှင့်လုပ်ငန်းစဉ်၊ ဆက်စပ်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များပါဝင်သည့် ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင်အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အာဆီယံ-ရုရှားဆွေးနွေးပွဲကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**


# မြန်မာ-ရုရှား နှစ်ဖက်သော ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**မော်စကို ဇွန် ၁၇**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ရောက်ရှိနေသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မော်စကိုမြို့ရှိ ခေတ္တတည်းခိုနေထိုင်ရာ ပရဲစီးဒင့်တ်ဟိုတယ်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ အငြိမ်းစားဗိုလ်ချုပ်ကြီး Mr. Michael Dmitriev ဦးဆောင်သည့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း ဖွဲ့စည်းသွားရေး၊ မြန်မာ-ရုရှား နှစ်ဖက်သော ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ထို့အပြင် ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရုရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ ဒုတိယနိုင်ငံခြားရေး ဝန်ကြီး Mr.Igor V.Morgulov နှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးရန်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ် ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ညနေ ၄ နာရီတွင် ရုရှားနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၌ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Mr. Sergey Donskoy နှင့်တွေ့ဆုံကာ နှစ်နိုင်ငံအကြား သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနတို့အကြား ဘူမိဗေဒနယ်ပယ်၌ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ရုရှားနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Mr. Sergey Donskoy တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကြေးမုံသတင်းစာ

ကြေးမုံသတင်းစာကို လပေးမှာယူဖတ်ရှုကြသည့် သတင်းစာဖတ်ပရိသတ် အဟောင်း/အသစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။ သတင်းစာကိုဖတ်ရှုရာ၌ လိုအပ်ချက်များနှင့် အဆင်မပြေမှုများရှိပါက ဖုန်း ၀၉ - ၃၃၆ ၄၄၂ ၀၉ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

(ကြေးမုံသတင်းစာတိုက် တာဝန်ခံ)

# (၈)ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကျင်းပရေးစည်းဝေး

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ (၈)ကြိမ်မြောက်အာရှပစိဖိတ်ဒေသ မျိုးဆက်ပွား ကျန်းမာရေးနှင့်အခွင့်အရေးဆိုင်ရာညီလာခံကျင်းပရန် ဆဋ္ဌမအကြိမ် အမျိုးသားအဆင့်ဦးစီးကော်မတီ အစည်းအဝေးကို ဇွန် ၁၆ ရက် နံနက် ၉ နာရီတွင် အသင်းရုံး ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌဒေါ်သဇင်နွယ်နှင့် တာဝန်ရှိသူများ၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ပညာရှင်များ၊ တက်ရောက်ခဲ့ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ညီလာခံကျင်းပရေးအမျိုးသားအဆင့် ဦးစီးကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် 8th APCRSHR အစီအစဉ် ညှိနှိုင်းရေးမှူးက (၅)ကြိမ်မြောက်အမျိုးသားအဆင့် ဦးစီးကော်မတီအစည်းအဝေးနှင့် (၃) ကြိမ်မြောက် နိုင်ငံတကာအဆင့် ဦးစီးကော်မတီ အစည်းအဝေးများမှ အကြံပြုချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီများ၏ တာဝန်ရှိသူများက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း) ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် ဇွန် ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ အဂျစ်ဒိုဗယ်အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံအမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတိုးမြှင့်ရေး၊ တပ်မတော်(ကြည်း) ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများအား ညှိနှိုင်းဆွေးနွေးကြသည်။ **(မြဝတီ)**

# တိုင်းရင်းသားလက်နက်ကိုင်ပြဿနာများ တည်ငြိမ်အေးချမ်းအောင် ကြိုးစားလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

မိမိတို့နိုင်ငံတွင် ကိုလိုနီဖြစ်ခဲ့ရသည့် အကျိုးဆက်တစ်ခုဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်ပြဿနာများမှာ ယခုထိ မချုပ်ငြိမ်းသေးပါကြောင်း၊ ထိုအခြေအနေများကို တည်ငြိမ်အေးချမ်းအောင် ကြိုးစားလျက်ရှိပါကြောင်း၊ အရေးအကြီးဆုံးမှာ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်၍မရပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံ၏ အတွေ့အကြုံများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့နိုင်ငံအတွက် များစွာအထောက်အကူရမည် ဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Christoph Burgener အား ယနေ့နံနက် ၉ နာရီခွဲတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော်သံအမတ်ကြီးက မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပါကြောင်း၊ ပြည်တွင်းအဖွဲ့အစည်းအချို့မှ ပြုပြင်ပြောင်းလဲမှုများ နှေးကွေးနေသည်ဟု ပြောဆိုသုံးသပ်ကြသော်လည်း မိမိတို့အမြင်တွင် ပြုပြင်ပြောင်းလဲမှုတိုင်းသည် တစ်ဆင့်ချင်းသွားရသည့် အနေအထားမျိုးတွင် ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအမြင်နှင့် ကြည့်မည်ဆိုပါက ကောင်းမွန်သည့် အနေအထားမျိုးတွင် ရှိသည်ဟု သုံးသပ်လိုပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ တောင်းဆိုမှုများသည် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေမည့်အခြေအနေများ တွေ့ရှိရပြီး တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့်လှုံ့ဆော်မှုများ တွေ့ရှိရကြောင်း၊ ပြည်သူများ၏ ဆန္ဒမှာ တည်ငြိမ်အေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းလိုကြောင်း၊ တပ်မတော်၏ဆန္ဒမှာ တည်ငြိမ်အေးချမ်းသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာသွားလိုခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။ **(မြဝတီ)**

## စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၁၈/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**အား ၂၀၁၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၈)ဖြစ်ပါသည်။

**အမိန့်အရ**

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❑ ၂၀၁၅-၂၀၁၆ မှ

သွားရောက်ကစားရမည်ဖြစ်သည်။

နည်းပြဘရန်ဒန်ရော့ဂျာ၏ လီဗာပူးအသင်းသည် ၎င်းတို့၏ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီပရီမီယာလိဂ် အစဦးဆုံးပွဲစဉ်အဖြစ် စတုတ်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါနှစ်သင်း ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၏ နောက်ဆုံးပွဲစဉ်တွင် ဆုံတွေ့ခဲ့ရာ လီဗာပူးအသင်းက စတုတ်စီးတီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးအသင်းသည် ပွဲစဉ်(၃)တွင် အာဆင်နယ်အသင်း၏ အိမ်ကွင်းကို သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည့်အပြင် ပွဲစဉ်(၅)တွင်လည်း မန်ယူအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁)တွင် စပါးအသင်းကို အိုးထရက်ဖို့ဒ်ကွင်းကြီးထဲတွင် ဧည့်ခံကစားရမည်ဖြစ်ပြီး နေ့ဝှစ်ချ်အသင်းသည် ခရစ္စတယ်ပဲလေ့အသင်းကို အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ရာသီအတွက် မျက်နှာသစ်အသင်းတစ်သင်းဖြစ်သည့် ဘုန်းမောက်အသင်းမှာ အက်စ်တွန်ဗီလာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဲဗာတန်အသင်းသည် ဝက်ဖို့ဒ်အသင်းနှင့်လည်းကောင်း၊ လက်စတာအသင်းသည် ဆန်းဒါးလန်းအသင်းနှင့်လည်းကောင်း၊ နယူးကာဆယ်အသင်းသည် ဆောက်သမ်တန်အသင်းနှင့်လည်းကောင်း ပရီမီယာလိဂ်ပွဲစဉ်(၁)တွင် အသီးသီးဆုံတွေ့နေသည်။

၂၀၁၅-၂၀၁၆ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ပွဲစဉ်(၁)ကို ဩဂုတ် ၈ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ငွေကြယ်)** ❑

## ■ ငွေတံဆိပ်ဆုမှ

၁၉၉၃ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ခြင်းအဆင့်ဖြင့်သာ ရပ်တည်ခဲ့သော်လည်း များပြားလှသော စင်ကာပူနိုင်ငံရောက် မြန်မာပရိသတ်များ၊ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် အနယ်နယ်အရပ်ရပ်မှ အားပေးသောပရိသတ်များကြောင့် ခွန်အားတစ်ရပ်ဖြစ်စေပြီး အတွေ့အကြုံရင့်ကျက်ပြီး နည်းစနစ်ကျွမ်းကျင်မှု အကောင်းဆုံးအနေအထားရှိသော ထိုင်းဘောလုံးအသင်းကို ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် အရှုံးမပေးဘဲ အားကုန်ကစားခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဒုတိယငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်း ဖြစ်သည်။

မြန်မာယူ-၂၃ ဘောလုံးအသင်းသည် နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်ပြုအားပေးစကားဖြစ်သော "ရွှေတံဆိပ်မရရှိခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်ခဲ့မှုအပေါ် မြန်မာပြည်သူတစ်ရပ်လုံးကိုယ်စား ဂုဏ်ယူမိပါကြောင်း၊ အသင်းသားများအားလုံးသည် ပြည်သူသန်း ၅၀ ကျော်၏ ရင်ထဲမှ ချစ်ခြင်းမေတ္တာကို ရရှိထားပြီးဖြစ်ပါကြောင်း၊ မြန်မာအသင်းနည်းပြ ဦးကြည်လွင်ခေါင်းဆောင်သည့် ဘောလုံးကစားသမားများနှင့် တာဝန်ရှိသူအားလုံးသည် ပြည်သူများ၏ ချန်ပီယံများဖြစ်သည်"ဟု အားပေးမှုသည် အင်အားတစ်ရပ်ဖြစ်စေ၍ လာမည့်ပြိုင်ပွဲများတွင် မိဘပြည်သူများမျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# သီလဝါအထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှု ၆ လအတွင်း အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါးရှိ

## (သီလဝါအထူးစီးပွားရေးဇုန်၏ လက်ရှိအခြေအနေများနှင့်ပတ်သက်၍ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်း)

**များမကြာတော့မည့် ကာလတစ်ခုအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန်တစ်ခုအား သီလဝါအထူးစီးပွားရေးဇုန်ဆိုသောအမည်ဖြင့် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ သာကွာဝေးသည့် နေရာတစ်ခုတွင်တွေ့မြင်ရတော့မည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆေးရုံ၊ စာသင်ကျောင်းများ၊ အပန်းဖြေနေရာများ၊ ရုပ်ရှင်ရုံများ၊ ဈေးဝယ်စင်တာများ၊ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များ ထည့်သွင်းတည်ဆောက်ထားရှိမည်ဖြစ်သည်။ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့အနီးတွင် တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် ပေါ်ပေါက်လာပါက ဒေသခံများအတွက် လူနေထိုင်မှုဘဝပြောင်းလဲလာရုံမက အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း ပေါ်ထွက်လာပေမည်။ ဂျပန်နိုင်ငံမှ လာရောက်ဖွင့်လှစ်ပေးမည့် (vocational training center) အလုပ်သမားသင်တန်းကျောင်းများကြောင့်လည်း နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် Skill Labour ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာပေမည်။ ထို့ပြင် မြန်မာအစိုးရအနေဖြင့်လည်း သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းမှ ရရှိမည့်ရှယ်ယာ (၁၀) ရာခိုင်နှုန်းအပြင် မြေငှားရမ်းခများပါရရှိမည့်အပြင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အီလက်ထရွန်နစ်စနစ်ကို ကျင့်သုံး၍ အခွန်ကောက်ခံမည်ဖြစ်သောကြောင့် ပြင်ပတွင် ကောက်ယူရန်ခဲယဉ်းသည့် အခွန်များကိုပါ ကောက်ခံရရှိနိုင်မည်ဖြစ်သည်။**

သီလဝါအထူးစီးပွားရေးဇုန်သည် အစိုးရအတွက်သာမက မြန်မာနိုင်ငံသားများအတွက်ပါ အရေးပါလှသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး အထူးစီးပွားရေးဇုန်ဖြစ်လာမည်ဖြစ်သည်။ သို့ဖြစ်၍ သီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သည့် နောက်ဆုံးအခြေအနေများအား သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်ထံ မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သွားရောက်မေးမြန်းခဲ့သည်။

**မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်ကို ပထမအဆင့်က အခုဇွန်လထဲမှာ ပြီးမယ်လို့ပြောထားတာရှိတော့ ဘယ်အခြေအနေရှိပြီလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ သီလဝါ SEZ ကဒီနှစ်ထဲမှာပဲ commercial operation (စီးပွားရေးလုပ်ငန်းလည်ပတ်မှု) စမယ်။ အခု လောလောဆယ်မှာတော့ Reservation Agreement ချုပ်ပြီးတာ ၄၀ ကျော်ရှိသွားပြီ။ အဲ့ဒီထဲကမှ ၃၆ ခုကို Investment Permit (ရင်းနှီးမြှုပ်နှံခွင့်ပါမစ်) တွေချပေးပြီးသွားပြီ။ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ လုပ်ငန်းရှင်တွေကို စဖိတ်ခေါ်တာမှာ ၅ လကျော်ကျော်လောက်ပဲရှိသေးတယ်။ အဲ့ဒီလောက်အတောအတွင်းမှာ Investment Permit ကို Investors ၃၆ ခုလောက်ကို ချပေးနိုင်တယ်ဆိုတော့ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းတစ်ခုကို ၅ ရက်လောက်နဲ့ ပါမစ်ထုတ်ပေးနိုင်တယ်လို့ပြောလို့ရတယ်။ လောလောဆယ်တော့ မီးနဲ့ပတ်သက်တာ၊ ရေနဲ့ပတ်သက်တာတွေအားလုံးက ပြီးစီးနေပါပြီ။ ရေမီးစနစ်တင်မဟုတ်ဘဲနဲ့ကျွန်တော်တို့က စက်ရုံတွေကနေပြီး waste water စွန့်ပစ်ရေဆိုးတွေကိုတောင် အပြင်ကိုတစ်စက်မှမထွက်နိုင်အောင် waste water management စနစ်သုံးထားပါတယ်။ သေချာသန့်စင်ပြီးမှ အပြင်ကိုထွက်တဲ့စနစ်ပါ။ ဆောက်လုပ်ရေးပိုင်းကတော့ပြီးပြီ။ ကျန်နေတာက ရုံးခန်းဖွင့်ဖို့အတွက်ပါ။ အဓိကဝင်ပေါက်ထွက်ပေါက်ဂိတ်တွေမှာ အလိုအလျောက်စစ်ဆေးတဲ့ censor တွေဘာတွေတပ်ရမယ်။ **ဒီနှစ်ထဲမှာပဲ စီးပွားရေးလုပ်ငန်းတွေ စတင်လည်ပတ်နိုင်မှာဖြစ်ပေမယ့်ဖွင့်ပွဲကိုတော့ နည်းနည်းနောက်ကျမှလုပ်နိုင်မယ်။**

**မေး။ ။ လာရောက်ရင်းနှီးမြှုပ်နှံရာမှာ တကယ်တမ်းမလုပ်ဘဲနဲ့ ဟန်ပြကုမ္ပဏီမျိုးတွေ ပါဝင်လာခဲ့မယ်ဆိုရင်ကော။**

ဖြေ။ ။ ကျွန်တော်တို့က သီလဝါအထူးစီးပွားရေးဇုန်ကနေ Investment Permit ကို ကွန်ပျူတာအသုံးပြုပြီး အရည်အသွေးစစ်ဆေးတဲ့ နည်းလမ်းကို လုပ်ဆောင်တာ မြန်မာနိုင်ငံမှာ ပထမဆုံး ဖြစ်တဲ့အပြင် ရင်းနှီးမြှုပ်နှံခွင့် ပါမစ်ကိုလည်း အမြန်ဆုံးချပေးနိုင်ခဲ့ပါတယ်။ ဒီလိုပါမစ်ကို မြန်မြန်ရရှိအောင် ချပေးတာလည်း လွယ်လွယ်ကူကူချပေးတာ မဟုတ်ပါဘူး။ စံချိန်စံနှုန်းကိုက်ညီမှုရှိမရှိကို ကွန်ပျူတာနဲ့အကဲဖြတ်တာတွေ အရင်လုပ်ပါတယ်။ အဆင့်ဆင့်အကဲဖြတ်ပြီး သတ်မှတ်ချက်နဲ့ကိုက်ညီရင်တော့ ရင်းနှီးမြှုပ်နှံခွင့်ပါမစ်ကို ချပေးပါတယ်။ သီလဝါမှာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ရင်းနှီးမြှုပ်နှံမယ့်ပမာဏကို ခြောက်လအတွင်းမှာ တင်သွင်းရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ ရင်းနှီးမြှုပ်နှံမှုဒီလောက်လုပ်မယ်လို့ Register Figure စာရင်းပြရုံပြပြီး သွင်းချင်မှသွင်းမယ်။ နောင် ၁၀ နှစ်လောက်ကြာမှ သွင်းမယ်ဆိုတဲ့ပုံစံမျိုးလည်း လုပ်လို့မရအောင် monitoring system (စောင့်ကြည့်စနစ်) ကို သေသေချာချာလုပ်ထားတဲ့အတွက် သူတို့သွင်းမယ့် ရင်းနှီးမြှုပ်နှံမှုကို ခြောက်လအတွင်းမှာ မရရအောင် သွင်းရပါတယ်။ ဟန်ပြလုပ်လို့မရပါဘူး။ အခု ၅ လကျော်အတွင်းမှာပဲ သီလဝါအထူးစီးပွားရေးဇုန်မှာ Investments တွေအမေရိကန်ဒေါ်လာ သန်း၄၀၀ နီးပါးလောက်ကို ဝင်ထားပြီးပါပြီ။ အဲ့ဒီအတွက် နိုင်ငံတော်အတွက် အကျိုးအများကြီးရှိပါတယ်။

**မေး။ ။အထူးစီးပွားရေးဇုန်ကြောင့် ပို့ကုန်လုပ်ငန်းနဲ့ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု တိုးတက်လာမယ်လို့ပြောလို့ရလား။**

ဖြေ။ ။ပြောလို့ရပါတယ်။ သီလဝါမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေက နိုင်ငံကြီးတွေမှာရှိတဲ့ ကုမ္ပဏီကြီးတွေပါ။ ဥပမာ အထည်ချုပ်ဆိုရင် ပြည်တွင်းကိုမရောင်းဘဲ အရည်အသွေးကောင်းကောင်းတွေ ထုတ်လုပ်ပြီး နိုင်ငံခြားကို ၁၀၀ရာခိုင်နှုန်း export ပြန်တင်ပို့မှာဆိုတော့ တကယ့်ကို အရည်အချင်းရှိတဲ့ ကျွမ်းကျင်လုပ်သားတွေလိုပါတယ်။ ကျွမ်းကျင်အလုပ်သမားတွေရလာဖို့အတွက်လည်း vocational training center တွေလုပ်ထားပါတယ်။ နိုင်ငံတော်အတွက် ပိုအကျိုးရှိတာက ၁၀၀ ရာခိုင်နှုန်း Export ပြန်ပို့မယ့် ကုမ္ပဏီတွေများတဲ့အတွက် ပို့ကုန်လုပ်ငန်းတွေမြင့်လာမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကလည်း မြင့်တက်လာမှာပါ။ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက်က ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့လည်း တကယ့်ကိုအရေးကြီးပါတယ်။

**မေး။ ။ ဆရာပြောတဲ့ vocational training center အကြောင်း ပြောပြပေးပါဦး။ ဘယ်လိုသင်တန်းတွေပေးမယ်။ ဘယ်လိုခေါ်ယူမယ်ဆိုတာမျိုးပေါ့။**

ဖြေ။ ။ အလုပ်သမားတွေကို သင်တန်းပေးဖို့ vocational training center လည်း ကျွန်တော်တို့ ဇွန်လ ၉ ရက်နေ့မှာစဖွင့်ပါတယ်။ Professional vocational training center ကလည်း ဂျပန်က နေလာတာပါ။ Fuji World ကုမ္ပဏီပေါ့။ သူတို့က စက်ရုံတွေက လိုအပ်တဲ့သင်တန်းမျိုးကို ပေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မရှိသေးတဲ့ One Stop Human Resource Center ပုံစံမျိုး သူတို့ကလုပ်မှာပါ။ One Stop Human Resource Center မှာ စက်ရုံတွေကလိုအပ်တဲ့သင်တန်းမျိုး၊ စက်ရုံတွေကဝန်ထမ်းတွေအတွက် ပေးစေချင်တဲ့သင်တန်းမျိုး သူတို့က ပေးပေးမယ်။ vocational training center ကိုယ်တိုင်ကလည်း အလုပ်သမားတွေခေါ်မယ်။ သူတို့ရဲ့ကိုယ်ပိုင်အလုပ်သမားတွေ ခန့်မယ်။ ပြီးရင်သူတို့က သင်တန်းပေးမယ်။ စက်ရုံတွေကလိုအပ်တဲ့အချိန်မှာ သူတို့ခန့်ထားပြီး သင်တန်းပေးထားတဲ့ အလုပ်သမားတွေကို စက်ရုံတွေကနေ စာချုပ်နဲ့ခေါ်လို့ရမယ်။ ဒါ့အပြင် vocational training center အနေနဲ့ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနဲ့ ပူးပေါင်းပြီးတော့ စီမံကိန်းနဲ့ပတ်ဝန်းကျင်နေရာမှာရှိတဲ့ အလုပ်သမားတွေကိုလည်း အခကြေးငွေမယူဘဲ အခြေခံသင်တန်းတွေ ပေးဖို့ရှိတယ်။ အခု လူ ၄၀ ကို အလကားသင်ပေးဖို့ လုပ်ထားပါတယ်။ အဲဒီလူ ၄၀ က စီမံကိန်းနားမှာရှိတဲ့ လူတွေပါဝင်မှာဖြစ်သလို စီမံကိန်းကြောင့်ပြောင်းရွှေ့ခဲ့ရတဲ့ မိသားစုဝင်တွေလည်း ပါမှာပါ။

**မေး။ ။ စီမံကိန်းကြောင့်ပြောင်းရွှေ့ခံခဲ့ရတဲ့ မိသားစုဝင်တွေရဲ့နောက်ဆုံးအခြေအနေလေးကိုပြောပြပေးပါဆရာ။**

ဖြေ။ ။ နောက်ဆုံးအခြေအနေက စီမံခန့်ခွဲမှုကော်မတီရယ်၊ Developer ကုမ္ပဏီတွေရယ်၊ နောက်သက်ဆိုင်ရာ NGO တွေရယ်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေရယ် အားလုံးပူးပေါင်းထားတဲ့ အဖွဲ့တစ်ဖွဲ့ လုပ်ထားပါတယ်။ အဲ့ဒီအဖွဲ့အစည်းတွေနဲ့ပဲ ကျွန်တော်တို့ စီစဉ်ပါတယ်။ အထူးစီးပွားရေးဇုန်အတွက် ၄၀၀ ဟက်တာကနေပြီးတော့ ရွှေ့ပြောင်းသွားတဲ့သူတွေအတွက်ကို လောလောဆယ် ဘာလုပ်ထားလဲမေးရင် ရွှေ့ပြောင်းလိုက်တဲ့အိမ်တွေမှာ မိုးရွာလို့ရေလျှံတာတွေ၊ မိလ္လာစနစ်နဲ့ပတ်သက်တာတွေဖြစ်တယ်။ ဒါတွေကလည်း ကျွန်တော်တို့ ဆောက်ပေးခဲ့တာမဟုတ်ဘူး။ ကျွန်တော်တို့ဆောက်ပေးမယ်လို့ပြောတာကို လက်ခံပြီးဆောက်တဲ့အိမ်ခြေကနည်းတယ်။ အိမ်ခြေအများစုက သူတို့ဘာသာသူတို့ဆောက်တာဆိုတော့ မြေကိုသေချာမမြှင့်ထားတာတို့၊ အိမ်သာစနစ်ကိုသေချာမလုပ်တာတို့အတွက် ရေလျှံတာတွေ ဖြစ်ပါတယ်။ အခုသူတို့ဆောက်ခဲ့တာတွေကို ကျွန်တော်တို့က ပြန်ပြင်ပေးနေရတယ်။ အဲဒီတော့ ကျွန်တော်တို့ လောလောဆယ်လုပ်နေတာက မီးတွေတော့ အကုန်သွယ်ထားပြီးပြီ။ ရေရရှိမှုစနစ်ပိုကောင်းအောင် လုပ်ပေးနေပါတယ်။ ရေမလျှံအောင်အတွက် မြေပြန်ဖို့ဖို့နဲ့ လုပ်ပေးသင့်တာတွေလုပ်ပေးနေပါတယ်။

သူတို့ရဲ့ ရှင်သန်မှုဘဝပိုမိုကောင်းမွန်အောင်ပံ့ပိုးသင့်သလောက်ပံ့ပိုးပေးပါတယ်။ ပံ့ပိုးတာကတော့ တစ်လုံးတစ်ခဲတည်း ပံ့ပိုးပေးတာတော့မဟုတ်ပါဘူး။ အခြေအနေတစ်ခုကိုသတ်မှတ်ပြီးပံ့ပိုးပါတယ်။ သူတို့ရဲ့ လူနေမှုဘဝတွေကို နာလန်မထူနိုင်မှာကျွန်တော်တို့စိုးရိမ်တယ်။ ကျွန်တော်တို့ကူညီမှုတွေကိုရယူဖို့ဆိုရင် အိမ်ထောင်စုတစ်စုမှာ အနည်းဆုံး တစ်ယောက်ယောက်အလုပ်လုပ်နိုင်ရမယ်။ အလုပ်မရှိဘူးဆိုရင် ကျွန်တော်တို့ရှာပေးမယ်။ ခန့်ထားပေးမယ်။ ဒါမှမဟုတ်ဘူးဆိုရင် ကျွန်တော်တို့ သင်တန်းပေးမယ့် vocational training center ကို မတက်မဖြစ်တက်ရမယ်။ သင်တန်းတက်မယ်ဆိုလည်း သင်တန်းကို အလကားသင်ပေးမယ်။ သင်တန်းတက်လို့ သွားလာစရိတ်ကုန်ကျမယ်ဆိုလည်း နေ့တွက်စရိတ်နဲ့ ကျွန်တော်တို့ကထုတ်ပေးမယ်။ ဒါမှမတက်ချင်သေးဘူးဆိုရင် ငွေကြေးစီမံခန့်ခွဲမှုအတွက်ပေးတဲ့ သင်တန်းတက်ဖို့လိုမယ်။ နောက်ပိုင်းမှာ အသေးစားငွေချေးလုပ်ငန်း (Micro finances) တွေနဲ့ချိတ်ပြီး အတိုးနှုန်းသက်သာစွာနဲ့ ငွေချေးပေးမယ်ဆိုရင် သူတို့ကငွေကြေးစီမံခန့်ခွဲမှုမတက်ရင် အကုန်သုံးရင်ကုန်သွားမယ်။ ဆက်ပြီးဒုက္ခရောက်မယ်။ သင်တန်းမတက်ဘူးဆိုရင် တစ်ယောက်တော့ အနည်းဆုံး အလုပ်လုပ်ရမယ်။ အလုပ်မရှိရင် တာဝန်ခံပြီးအလုပ်ရှာပေးတယ်။ ဒါတွေကို ခုနက ပြောခဲ့တဲ့အဖွဲ့တွေအားလုံးနဲ့ ပူးပေါင်းပြီး လုပ်တယ်။ အဖွဲ့မှာလည်း တိုင်ကြားလို့ရအောင် complaint center လည်းထားရှိပေးထားပါတယ်။ ပြောင်းရွှေ့ခံရသူတွေ အနေနဲ့ complain လုပ်ချင်ရင် အဲဒီမှာတိုင်ကြားပါ။ နောက်ပိုင်းကျရင်လည်း အွန်လိုင်းကနေ တိုင်ကြားမှုတွေပြုလုပ်နိုင်အောင် online complaint center လုပ်ဖို့ စီစဉ်နေပါတယ်။

**မေး။ ။ သီလဝါအထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမယ့် Plan တွေများ ရှိဦးမလားဆရာ။**

ဖြေ။ ။ ရှိပါတယ်။ အီလက်ထရွန်နစ်နဲ့ငွေပေးချေ အခွန်ဆောင်တဲ့စနစ်ကိုစီစဉ်နေပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ အခြားနိုင်ငံတွေက လာတဲ့ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အခွန်နဲ့ပတ်သက်ပြီဆိုရင် မပေးချင်တဲ့သူမရှိဘူး။ ဘာတွေပေးရမလဲ။ ဘယ်လိုအခွန်တွေဆောင်ရမလဲ အမြဲမေးတယ်။ မေးတာကလဲ အခွန်ရှောင်ဖို့မဟုတ်ဘဲအခွန်ဆောင်ချင်လို့။ ဥပမာ-ဆိုဒင်က အထည်ချုပ်စက်ရုံတစ်ခုက quality ကောင်းကောင်းထုတ်တယ်။ နိုင်ငံကြီးတွေပဲပို့တယ်။ နိုင်ငံတကာပုံစံပဲ အခွန်ဆောင်ချင်တယ်။ သူ့ကုမ္ပဏီအနေနဲ့ လိုချင်တာက ပွင့်လင်းမြင်သာမှုရှိတဲ့ အခွန်၊ အသိအမှတ်ပြုအာမခံချက်ရှိတဲ့အခွန်မျိုးဖြစ်ချင်တယ်။ ဒါကြောင့် သူတို့တွေအတွက်ပါ အဆင်ပြေအောင် အီလက်ထရွန်နစ်နဲ့ ငွေပေးချေအခွန်ဆောင်တဲ့စနစ်ကို စီစဉ်နေတာပါ။ အစိုးရကလည်း အခွန်အပြည့်အဝရမယ်။ နောက်တစ်ခုက ကျွန်တော်တို့ဆီမှာ ထူးခြားတာ တစ်ခုပေါ့၊ စီးပွားရေးဇုန်ပြင်ပမှာတောင် သေသေချာချာ ထိထိရောက်ရောက် မကောက်နိုင်သေးတဲ့ အခွန်တွေ ရှိနေပါသေးတယ်။ သီလဝါမှာတော့ အခွန်နဲ့ပတ်သက်ရင် အပြင်မှာတောင်ကောက်ဖို့ခဲယဉ်းနေတဲ့ commercial tax, withholding tax, income tax တွေကို အီလက်ထရွန်နစ်စနစ်နဲ့ အကုန်လုံးရအောင်ကောက်ပါ့မယ်။ အီလက်ထရွန်နစ်စနစ်နဲ့ဆိုတော့ အခွန်မှန်သမျှ အားလုံးကို တိတိကျကျဆောင်နိုင်မယ်။ နောက်ပိုင်းကျရင်တော့ သီလဝါအထူးစီးပွားရေးဇုန်ထဲမှာ စက်ရုံ၊ အလုပ်ရုံတွေကနေ သူတို့ အလုပ်သမားကိုငွေပေးချေတာကအစ ငွေကြေးကိုကိုင်တွယ်ဖို့မလိုဘဲမိုလ်ဘိုင်းဖုန်း၊အွန်လိုင်း၊ ကတ်စနစ်စတာတွေနဲ့ပဲသွားလို့ရအောင် လုပ်နေပါတယ်။ အွန်လိုင်းကနေ ကလစ်လေး တစ်ချက်နှိပ်လိုက်တာနဲ့ ငွေပေးချေတဲ့ စနစ်မျိုးဖြစ်အောင် လုပ်နေပါတယ်။



ဦးဆက်အောင် (သီလဝါအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ)

**မေး။ ။ဆရာ့အနေနဲ့ ဘာများဖြည့်စွက်ပြောချင်ပါသေးလဲဆရာ။**

ဖြေ။ ။ သီလဝါမှာ နိုင်ငံတော်အတွက် ကောင်းတဲ့အချက်တွေရှိတဲ့အပြင် ပြည်သူလူထုအတွက်လည်းထူးခြားမှုရှိတဲ့ အချက်တွေလည်းရှိပါတယ်။ နိုင်ငံတော်က ပထမဆုံးရတာက မြေငှားလိုက်တဲ့အတွက် ငွေကိုစစချင်းရတယ်။ အရင်တုန်းကဆို မြေငှားလိုက်တာနဲ့ အားလုံးပြီးသွားပြီ။ အခုဆိုမြေငှားပြီးတာနဲ့ ရင်းနှီးမြှုပ်နှံဖို့ ၁၀ ရာခိုင်နှုန်း ထပ်ထည့်တယ်။ အခုထည့်ထားတဲ့ ၁၀ ရာခိုင်နှုန်းဆို မြေငှားထားတဲ့ နှစ်၅၀ ဒါမှမဟုတ် ၇၅ နှစ်ပေါ့။ အဲ့ဒီတစ်လျှောက်လုံး စီမံကိန်းရတဲ့ အကျိုးအမြတ်ကို နိုင်ငံတော်က ခံစားနေရမယ်။ ပြည်သူအတွက်ဆို အများပိုင်ကုမ္ပဏီက ၄၁ ရာခိုင်နှုန်းရထားတယ်ပေါ့။ အများပိုင် ကုမ္ပဏီအနေနဲ့ရောင်းချထားတဲ့ရှယ်ယာတွေကိုလည်း ပြည်သူ ၁၇၀၀၀ ကျော်လောက်ကပိုင်နေတယ်။ အဲ့ဒီပြည်သူ ၁၇၀၀၀ ကျော်ကလည်း အများကြီးချမ်းသာသူတွေမဟုတ်ပါဘူး။ ရှယ်ယာစရောင်းကတည်းက နည်းနည်းပဲဝယ်နိုင်မယ့်ပြည်သူကို ဦးစားပေး ရောင်းခဲ့တာဆိုတော့ ချမ်းသာတဲ့သူတွေပါဝင်နိုင်ပေမယ့် အများစုက မချမ်းသာကြပါဘူး။ ပဲပြုတ်သည်ကအစ ရှယ်ယာ ၁၀၀၀၀ တန်မျိုးဝယ်ထည့်ထားတာမျိုးတွေ့ရပါတယ်။ အဲ့ဒီအကျိုးအမြတ်တွေကို ၇၅ နှစ်ဆို ၇၅ နှစ်တစ်လျှောက်လုံး အများပြည်သူတွေခံစားရမှာဖြစ်ပါတယ်။ ဒါက ထူးခြားတဲ့အချက်ပေါ့။

**ကျေးဇူးတင်ပါတယ်ဆရာ။**

၂၀၁၅ ဇွန်လတွင် ဖွင့်လှစ်နိုင်ရန်ရည်ရွယ်ထားသည့် သီလဝါအထူးစီးပွားရေးဇုန်၏ ပထမအဆင့် ၃၆၉ ဟက်တာ၌ စီးပွားရေးလုပ်ငန်းများ စတင်လည်ပတ်သွားမည် ဖြစ်သော်လည်း ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ရန်နှင့် အချောသပ်လုပ်ငန်းများ အနည်းငယ် ကျန်ရှိမှုကြောင့် ယခုနှစ်ပိုင်းမကုန်မီ စက်တင်ဘာလတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။ ဂျပန်နိုင်ငံ Fuji world ကုမ္ပဏီမှ(vocational training center) အလုပ်သမားသင်တန်းကျောင်းကို ယခုနှစ် ဇွန် ၉ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်၌ စတင်ဖွင့်လှစ်ခဲ့သည်။

မေး/ရေး- ရဲခေါင်ညွန့်
ဓာတ်ပုံ-ဖိုးထောင်







# တောင်သူဦးကြီးများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းမုံရွာတွင် ဖွင့်လှစ်

**မုံရွာ ဇွန် ၁၇**

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရာသီတွင် အချိန်မီ စိုက်ပျိုးနိုင်ရေး၊ လယ်ယာသုံး စက်ကိရိယာများကို တောင်သူများဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းအသုံးပြုနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ရွာတုံစံပြကျေးရွာတွင် အမှတ်(၄)စက်မှုလယ်ယာစခန်း(မုံရွာ)မှ စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းကို ဇွန် ၁၃ ရက်မှ စတင်ကာဖွင့်လှစ်ပေးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး "တောင်သူတွေအနေနဲ့ စိုက်ရေးပျိုးရေးကို အချိန်မီ လုပ်ဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးတွေ၊ လက်တွန်းထွန်စက်တွေကို ဈေးနှုန်းချိုသာစွာနဲ့ငှားရမ်းအသုံးပြုနိုင်ဖို့ အခုလိုရွာတုံစံပြကျေးရွာမှာ ရှေ့တန်းစခန်းဖွင့်တာပါ။ မည်သည့်တောင်သူမဆို လာရောက်ငှားရမ်းအသုံးပြုနိုင်ပါတယ်။ စိုက်ပျိုးပြီးလို့ ရိတ်သိမ်းခြွေလှေ့ချိန်ရောက်ရင်လည်း ရိတ်သိမ်းခြွေလှေ့စက်ကြီးနဲ့ ဝန်ဆောင်မှုပေးသွားမှာပါ" ဟု စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။



မြို့နယ်စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုကဲ့သို့စိုက်ပျိုးရေးလုပ်ငန်းများကို လယ်ယာသုံး စက်ကိရိယာများဖြင့် ဝန်ဆောင်မှုပေးခြင်းကို ရှေ့တန်းစခန်းများဖွင့်ပြီးဝန်ဆောင်မှုပေးခြင်းမရှိဘဲ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံးတွင် လာရောက်ငှားရမ်းမှသာလျှင် လိုက်လံဝန်ဆောင်မှုပေးသဖြင့် ထိုသို့ ငှားရမ်းအသုံးပြုနိုင်သည်ကို တောင်သူများမှသိရှိသူနည်းပါးခဲ့ရာ စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် ပိုမိုဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရှေ့တန်းစခန်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ဒေသက မိုးနည်းတဲ့ဒေသဖြစ်တဲ့အတွက် မိုးရွာသွန်းချိန် အမီထယ်ရေး၊ထွန်ရေးကို ပြင်ဆင်ကြတယ်။ အဲဒီလိုပြင်ဆင်တဲ့အခါမှာ နွားတွေနဲ့ထွန်ယက်ရင် ကုန်ကျစရိတ်များတယ်။ ထွန်စက်တွေနဲ့ ထွန်ရင်တော့ အချိန်ကုန်သက်သာတယ်၊ ငွေကြေးကုန်ကျမှုလည်း နည်းတဲ့အတွက် စက်တွေကိုအသုံးပြုဖို့ စိတ်ဝင်စားတယ်။ ကျွန်တော်တို့ကျေးရွာမှာလာပြီး ရှေ့တန်းစခန်းလာဖွင့်တဲ့အတွက် ပိုပြီးအဆင်ပြေသွားတယ်။ ကျွန်တော်ရဲ့ လယ် ၁၁ ဧကကို အခု ငှားပြီးထွန်နေတာ" ဟု ရွာတုံစံပြ ကျေးရွာမှ တောင်သူ ဦးအောင်မောင်းက ပြောသည်။

အဆိုပါစက်မှုလယ်ယာဝန်ဆောင်မှုရှေ့တန်းစခန်းတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဆိုနာလီကာ ထွန်စက်ကြီးလေးစီး၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးနှစ်စီးနှင့် လက်တွန်းထွန်စက်များထားရှိကာတောင်သူများ၏ လယ်ယာများ အချိန်မီထွန်ယက်နိုင်ရေးအတွက် ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# နှမ်းစိုက်တောင်သူများ မိုးလို၍ စိုက်ပျိုးချိန်နောက်ကျ

**မင်းဘူး ဇွန် ၁၇**

မြန်မာပြည်၏ ဆီအိုးကြီးဟု ခေါ်တွင်သော မကွေးတိုင်းဒေသကြီးတွင် မိုးရွာသွန်းမှုနည်းပါးနောက်ကျမှုကြောင့် ယခုနှစ်တွင် နှမ်းစိုက်တောင်သူများ စိုက်ပျိုးချိန် နောက်ကျနေကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ် အတွင်းရှိကျေးရွာများရှိ တောင်သူအနည်းစုမှာ နှမ်းစိုက်ပျိုးခြင်းကို ရေသွင်းစိုက်ပျိုးကြပြီး တောင်သူအများစုမှာ မိုးရွာသွန်းမှုကောင်းမှ စိုက်ပျိုးလုပ်ကိုင်ကြကာ မိုးမရွာမီ ယာမြေများကို ကြိုတင်ထွန်ယက်ထားကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာ နှမ်းကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြတယ်။ အခုနှစ်မှာ မိုးရွာသွန်းမှုနောက်ကျတာကြောင့် စိုက်ချိန်လည်း နောက်ကျနေရတယ်။ ဟိုတစ်လောက နှစ်ရက်လောက်မိုးရွာတော့ တောင်သူတွေဝမ်းသာပြီး ထွန်ယက်စိုက်ကြတယ်။ မိုးမျှော်စိုက်သူတွေအနေနဲ့ထွန်ရေးမှာမြေအောက်ကိုပေါက်အောင်မထွန်နိုင်တော့ အပေါ်ယံ မြေလောက်ပဲ ထွန်ပြီးစိုက်ကြတယ်" ဟု တောင်မန်းကျေးရွာနေ တောင်သူ ဦးအောင်က ပြောသည်။

"ဒီနှစ်မှာ ကျွန်တော့်အနေနဲ့ ယာငါးဧကကို ရေတွင်းတူးပြီး ရေသွင်းစိုက်ပျိုးတယ်။ ရေတူးရခက်ခဲတဲ့ ယာမြေ လေးဧကကို မိုးမျှော်ပြီး စိုက်ပျိုးတယ်။ ရေသွင်းစိုက်ပျိုးတဲ့နှမ်းကို ဧပြီလ (သင်္ကြန်)အပြီးမှာ ထွန်ယက်စိုက်ပျိုးပြီး ဇူလိုင်လပိုင်းလောက်မှာ ရိတ်သိမ်းပါမယ်။ မိုးမျှော်စိုက်တဲ့ နှမ်းကိုတော့ အခုလထဲမှာ စတင်စိုက်ပျိုးပြီး ဝါခေါင်လလောက်မှရိတ်သိမ်းပါမယ်။ လေးလလောက်တော့ကြာပါတယ်" ဟု ၎င်းကရှင်းပြသည်။

"နှမ်းတစ်ဧကကို သုံးပြည်နှုန်းမျိုးကြဲစိုက်ပျိုးကြတယ်။ မျိုးနှမ်းတစ်ပြည်ကို ကျပ်ငါးထောင်ပေးဝယ်ရတယ်။ စမုန်နက်၊ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းညိုဆိုပြီး စိုက်ပျိုးကြတယ်။ မနှစ်က တစ်ဧက ၁၀ တင်းကျော်လောက်ထွက်ပြီး နှမ်းပေါ်စဆို စမုန်နက်က တစ်တင်းကို ကျပ်ခြောက်သောင်းကျော်၊ နှမ်းဖြူက လေးသောင်းကျော်နဲ့ နှမ်းဖြူ၊ နှမ်းညိုက တစ်တင်းကို သုံးသောင်းဝန်းကျင်လောက်ဈေးပေါက်တယ်" ဟု နှမ်းစိုက်တောင်သူ ဦးအောင်သန်းက ပြောသည်။

နှမ်းစိုက်တစ်ဧကကို ကျပ်ငါးသောင်းဝန်းကျင် လောက် ကုန်ကျတယ်။ ထွန်ယက်ခ၊ ရိတ်သိမ်းခ၊ပေါင်းရှင်းခ၊ ဆေးဖိုး၊ ဆီဖိုး(ရေသွင်းစက်မောင်းဆီ)တွေရှိပါတယ်။ မိုးမျှော်ပြီးစိုက်ပျိုးတဲ့တောင်သူတွေက တစ်ဧကကို သုံးသောင်းလောက်ပဲ ကုန်ကျတယ်။ ရေသွင်းစိုက်တဲ့ အကွက်တွေအထွက်နှုန်း ပိုကောင်းတယ်။ ကုန်ကျစရိတ်များပေမယ့် အထွက်နှုန်းကောင်းတော့ အဆင်ပြေ ကြတာပေါ့ဗျာ" ဟု ၎င်းက ပြောသည်။

"ဒီနှစ်ရာသီဥတုက ဖောက်ပြန်ပြီး အပူချိန်တွေလွန်ကဲမှုဖြစ်တယ်။ မိုးရွာသွန်းမှုကလည်း နောက်ကျနေတော့ တောင်သူတွေ အခက်အခဲဖြစ်ကြရတယ်။ ကျွန်တော်တို့အနေနဲ့ တောင်သူတွေကို စိုက်ပျိုးနည်းပညာနည်းစနစ်တွေကို ကျေးရွာအထိဆင်းပြီး ကူညီဆောင်ရွက်ပေးပါမယ်။ ဒီနှစ်မိုးဦးမကောင်းပေမယ့် မိုးနှောင်းကောင်းရင် သီးနှံအထွက်တိုးနိုင်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖိုးထက်(မင်းဘူး)**





# ယာဉ်ယန္တရားကြံ့ခိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ရှင်းလင်း

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန (၆၈)ရပ်ကွက် ဒဂုံဆိပ်ကမ်းတွင် မြန်မာကိုင်ဒိုကူမ္ပဏီမှ ဦးစီးကျင်းပသော ယန္တရားကြံ့ခိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ရှင်းလင်းခြင်းနှင့် ယာဉ်ယန္တရားလက်တွေ့မောင်းနှင်ခြင်းအခမ်းအနားကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးခင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး စက်မောင်းနှင်ခြင်းနှင့် ကြံ့ခိုင်မှုထိန်းသိမ်းရေးလုပ်နည်းစနစ်များကို မှန်ကန်စွာသိရှိနားလည်ပြီး စနစ်တကျလိုက်နာကျင့်သုံးခြင်းအားဖြင့် စက်၏စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် စက်နှင့်စက်အစိတ်အပိုင်းများ သက်တမ်းကြာရှည်စွာအသုံးပြုပြီး စက်ကိုဘေးအန္တရာယ်ကင်းရှင်းအောင် မောင်းနှင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

ထို့နောက် မြန်မာကိုင်ဒိုကူမ္ပဏီမှ မန်နေဂျာဦးမင်းလွင်က စက်ယာဉ်ယန္တရားများ အသုံးပြုပုံနှင့် မြို့များတွင် လက်တွေ့အသုံးပြုသော စက်အမျိုးမျိုးကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြီး အခမ်းအနားသို့ သင်တန်းသား ဝန်ထမ်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်သန့်(ကြေးမုံ)**



# မြောက်ကိုရီးယားတွင် မိုးခေါင်နေ

**ဆိုလ်း ဇွန် ၁၇**

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့သည် ရာစုနှစ်တစ်စုအတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုနှင့် ကြုံတွေ့နေရကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိမည်ကို စိုးရိမ်ရကြောင်း ယနေ့ ပြောကြားသည်။

ဆန်စပါးကို အဓိကစိုက်ပျိုးသည့် ပြည်နယ်များ၌ မိုးခေါင်မှုဒဏ် အကြီးအကျယ်ခံရကြောင်း၊ စပါးစိုက်ခင်းများ၏ ၃၀ ရာခိုင်နှုန်းကျော်မှာ ခြောက်သွေ့ကုန်ပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

၁၉၉၀ ခုနှစ်များအတွင်း မြောက်ကိုရီးယားတွင် အငတ်ဘေးဆိုက်စဉ်ကာလ၌ ပြည်သူထောင်ပေါင်းများစွာ သေဆုံးခဲ့ကြရသည်ဟု ယုံကြည်ရသည်။

မကြာသေးမီက စိုက်ပျိုးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည့်အတွက် ယခုအကြိမ်မိုးခေါင်မှုတွင် လူသေဆုံးဖွယ်ရာမရှိနိုင်ဟု သတင်းများကဆိုသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က မြောက်ကိုရီးယားတွင် အခြေခံစားသောက်ကုန်များ မလုံလောက်မှုပြဿနာမှာ ပုံမှန်ကြုံတွေ့နေရကြောင်းနှင့် လက်ရှိအချိန်တွင် ကလေးစုစုပေါင်း၏ သုံးပုံတစ်ပုံသည် အဟာရငတ်မွတ်လျက်ရှိကြောင်း ပြောကြားသည်။

**ရိုက်တာ။**

# တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဂျပန်နိုင်ငံသို့ သွားရောက်မည်


**ဆိုးလ် ဇွန် ၁၇**

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယွန်ဗြောင်စီသည် ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်းနှင့် ယင်းခရီးစဉ်မှာ သမ္မတပတ်ဂွန်ဟေး အစိုးရအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေဖြင့် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးသည် ဇွန် ၂၁ ရက်တွင် တိုကျိုမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးသည် ဇွန် ၂၂ ရက်တွင် တိုကျိုမြို့ရှိ တောင်ကိုရီးယားသံရုံး၌ ကျင်းပမည့် တောင်ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံ ပုံမှန်သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် ၅၀ ပြည့် အထိမ်းအမှတ်အခမ်းအနားသို့လည်း တက်ရောက်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ၁၉၆၅ ခုနှစ် ဇွန် ၂၂ ရက်တွင် ပုံမှန်သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အား ၁၉၁၀ မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်နိုင်ငံက ၎င်း၏ ကိုလိုနီအဖြစ် အုပ်ချုပ်ခဲ့ခြင်းမှ လွတ်မြောက်ပြီး နှစ် ၂၀ ခန့်အကြာ၌ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး စတင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**





တိုကျိုမြို့အနောက်တောင်ဘက် အိုဝါကူဒါနီခရိုင် ဟာကိုနဲတောင်အနီးရှိ မီးတောင်ဘေးလွတ်ရာဇုန်ကို ဝေဟင်မှ တွေ့ရစဉ်။

# ဟာကိုနဲတောင်အနီးရှိ မီးတောင်ဘေးလွတ်ရာဇုန်တွင် မောင်းသူမဲ့လေယာဉ်များ အသုံးပြုမည်

**ယိုကိုဟားမား ဇွန် ၁၇**

တိုကျိုမြို့အနောက်တောင်ဘက် အိုဝါကူဒါနီခရိုင် ဟာကိုနဲတောင်အနီးရှိ မီးတောင်ဘေးလွတ်ရာဇုန်ကို စောင့်ကြည့်ရန်အတွက် ကင်မရာတပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များ အသုံးပြုမည်ဖြစ်ကြောင်း ကာနာဂါဝါစီရင်စုနယ်မှ အုပ်ချုပ်ရေးမှူး ယူဂျီကူရိုဝါက ပြောကြားသည်။

ဂျပန်မိုးလေဝသဌာနက ဟာကိုနဲတောင်၏ လုံခြုံရေးသတိပေးချက်ကို အဆင့် (၂)အဖြစ် သတ်မှတ်ထားပြီး မီးတောင်ထိပ်ဝအနီးရှိ နေရာများသို့ ဝင်ရောက်ရန် တားမြစ်ထားသည်။

ကုမ္ပဏီနှစ်ခုက မောင်းသူမဲ့လေယာဉ်နှစ်စင်းကို အခမဲ့ပေးသွားမည်ဖြစ်ပြီး ကုမ္ပဏီဝန်ထမ်းများနှင့်အတူ စီရင်စုနယ်မှ တာဝန်ရှိသူများကလည်း လေယာဉ်ပျံသန်းမည့်နေရာသို့လိုက်ပါလာကြမည်ဖြစ်သည်။ အဆိုပါဘေးလွတ်ရာဇုန်အထက် အချင်းဝက် မီတာ ၃၀၀ ခန့် အကွာအဝေးတွင် မောင်းသူမဲ့လေယာဉ်များ ပျံသန်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါမောင်းသူမဲ့လေယာဉ်များ ပျံသန်းမှုသည် မီးတောင်လှုပ်ရှားမှုကို မှတ်တမ်းတင်ရန် အာရုံခံကိရိယာများ တပ်ဆင်ရန်အတွက် ကြိုတင်ပြင်ဆင်မှု တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု သိရသည်။ မကြာသေးမီလများအတွင်းကလည်း ဂျပန်နိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုများ ကြုံတွေ့ခဲ့ရသည်။ **ကျိုဒိုနယူးစ်။**

# အိန္ဒိယဝန်ကြီးချုပ်က ပါကစ္စတန်ဝန်ကြီးချုပ်ကို ဖုန်းဆက်၍ ဆုမွန်ကောင်းများပို့

**နယူးဒေလီ ဇွန် ၁၇**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်(ဇ်)ရှရစ်ဖ်အား ယနေ့ ဖုန်းခေါ်ဆို၍ ရာမဒန် ဥပုသ်ဆုတောင်းခြင်းများပြုလုပ်ပေးခဲ့ပြီး ဖမ်းဆီးထားသော ငါးဖမ်းသမားများကို ပြန်လွှတ်ပေးမည်ဟု ကြေညာခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် မကြာသေးမီက ရန်သံပါသော သဘောထားများ ပြောကြားကြသဖြင့် နှစ်နိုင်ငံဆက်ဆံရေးတင်းမာလာခဲ့သည့်အတွက် ဖြေလျှော့ရန် ကြိုးစားကြခြင်း ဖြစ်ဖွယ်ရာရှိသည်။

ခေါင်းဆောင်နှစ်ဦးသည် ငါးမိနစ်ကြာမျှ စကားပြောခဲ့ကြကြောင်း၊ အိန္ဒိယဝန်ကြီးချုပ်က နာဝပ်(ဇ်)ရှရစ်ဖ်ကို ရာမဒန် ဥပုသ်လ၏ အကြိုနေ့တွင် နှုတ်ခွန်းဆက်ခဲ့ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ရုံး၏ ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်လိုသောဆန္ဒ၊ စိတ်ကောင်း၊ စေတနာကောင်းပြလိုသောဆန္ဒတို့ဖြင့် ပါကစ္စတန် ငါးဖမ်းသမားများကို ၎င်း၏အစိုးရကပြန်လွှတ်ပေးမည်ဟု အိန္ဒိယဝန်ကြီးချုပ်က ပြောသည်ဟုလည်း ယင်းကြေညာချက်တွင် ပါရှိသည်။

နောက်ပိုင်း၌ ဖမ်းဆီးထားသည့် အိန္ဒိယ ငါးဖမ်းသမားများကိုလည်း ပြန်လွှတ်ပေးမည်ဟု ပါကစ္စတန်က ကြေညာခဲ့သည်။

အိမ်နီးချင်း နှစ်နိုင်ငံအကြား နယ်နိမိတ်အငြင်းပွားမှုအကြောင်းပြု၍ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုဒီ ပြောကြားခဲ့သော မိန့်ခွန်းအပေါ် စကားစစ်ပွဲများဆင်နွှဲကြပြီးနောက် ယခုကဲ့သို့ ဖုန်းဆက်သွယ်ပြောဆိုမှုများ ပြန်လည်ပြုလုပ်လာခြင်းဖြစ်သည်။

မကြာသေးမီကလည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကြမ်းဖက်အဖွဲ့များကို ထောက်ခံအားပေးကြသည်ဟု အပြန်အလှန် စွပ်စွဲခဲ့ကြသည်။ **ရိုက်တာ။**

# စစ်ပွဲများကြောင့် ယီမင်တွင် ကလေးသူငယ် ၃၀၀ သေဆုံးခဲ့ရ

**ဂျီနီဗာ ဇွန် ၁၇**

ကုလသမဂ္ဂ နိုင်ငံတကာကလေးများအရေးပေါ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က ယီမင်နိုင်ငံတွင် ပဋိပက္ခစစ်ပွဲများကြောင့် လွန်ခဲ့သည့် ၁၀ ပတ်အတွင်း ကလေးသူငယ် ၃၀၀ နီးပါးသေဆုံးခဲ့ရသည်ဟု ပြောကြားသည်။

ယီမင်နိုင်ငံတွင် ရှီယာမွတ်စလင်များကို မတ် ၂၆ ရက်ကတည်းက လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အနည်းဆုံးကလေးသူငယ် ၂၇၉ ဦးသေဆုံးပြီး ၄၀၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ကလေးငယ် ၁၃၈ ဦးမှာ စစ်သားအဖြစ်စုဆောင်းခံထားရပြီး လက်နက်များသယ်ဆောင်နေကြရကြောင်း ယူနီဆက်ပြောရေးဆိုခွင့်ရှိသူ ခရစ္စတိုဖီ ဘိုယူလီရာက အင်္ဂါနေ့တွင် ဂျီနီဗာမြို့၌ သတင်းထောက်များကို ပြောကြားသည်။

ကုလသမဂ္ဂက ဦးဆောင်ကျင်းပသည့် ယီမင်အစိုးရနှင့် မြို့တော်ဆာနားကိုသိမ်းပိုက်ထားသည့် ဟူသီစ်လက်နက်ကိုင်တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဂျီနီဗာမြို့တွင် တနင်္လာနေ့က စတင်ကျင်းပခဲ့သည်။

ဘိုယူလီရာက အပစ်အခတ်ချက်ချင်းရပ်စဲရန် နှစ်ဖက်စလုံးကို တောင်းဆိုခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုများသည် ကလေးသူငယ် သန်းပေါင်းများစွာ၏ ဘဝကို ထိခိုက်ပျက်စီးရုံသာမက ၎င်းတို့၏ အနာဂတ်ဘဝတွင် အကြောက်တရားများ ဖိစီးလွှမ်းမိုးလာမည့် အကျိုးဆက်များသာ ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ သဘောတူညီချက်ရရှိရန် ခက်ခဲကြန့်ကြာနေဦးမည့် အနေအထားတွင်ရှိနေသည်။ ယီမင်အစိုးရက ဟူသီစ်များသိမ်းပိုက်ထားသည့် နယ်မြေများမှ ပြန်လည်ဆုတ်ခွာရန် တောင်းဆိုနေသကဲ့သို့ ဟူသီစ်များကလည်း လေကြောင်းတိုက်ခိုက်မှုများ ချက်ချင်းရပ်ရန် တောင်းဆိုနေသည်။

**အင်န်အိတ်ချ်ကေ။**



## အားကစားလောကသတင်းတို

- ဂျူဗင်တပ် ကွင်းလယ်ကစားသမား ဗီဒယ်လ်အားခေါ်ယူလိုသည့် အသင်းများတွင် ရီးယဲလ်မက်ဒရစ်ပါ ပါဝင်လာပြီဖြစ်သည်။
- ဥရုဂွေးကစားသမားများ ပွဲကိုအာရုံစိုက်ကစားခဲ့ခြင်းမရှိဟု အာဂျင်တီးနားအသင်းခေါင်းဆောင်မက်ဆီက ဝေဖန်ခဲ့သည်။
- အာဆင်နယ်အနေဖြင့် ပရီမီယာလိဂ်ဖလားအားပြန်လည်ရယူရန် အဆင်သင့်ရှိနေပြီဟု တိုက်စစ်မှူးဝဲလ်ဘတ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းသည် ဘိုင်ယန်နောက်ခံလူ ဘိုတန်အားခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ဘရာဇီးအသင်းသည် ပီရူးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ကိုလံဘီယာအားရင်ဆိုင်ရန်အသင့်ရှိနေပြီဟု ဘရာဇီးဂိုးသမားဂျက်ဖာဆန်က ပြောသည်။
- မန်ယူအသင်းသည် အော်တာမန်ဒီ၏ အပြောင်းအရွှေ့ကိစ္စအတွက် ယခုရက်ပိုင်းအတွင်း ဗလင်စီယာတာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။



## ချိန်ဘာလိန်နှင့် ပီတာချက်အလဲအထပ်ပြုရန် ချယ်လ်ဆီး၏တောင်းဆိုမှုအား အာဆင်နယ်ပယ်ချ

ချယ်လ်ဆီးက အာဆင်နယ်အနေဖြင့် ပီတာချက်ကို ခေါ်ယူချင်လျှင် ချိန်ဘာလိန်အား ချယ်လ်ဆီးသို့ အလဲအထပ်ပြုကာ ရောင်းချရလိမ့်မည်ဟု တောင်းဆိုလာမှုအပေါ် အာဆင်နယ်က ပယ်ချခဲ့သည်။ ချယ်လ်ဆီးသည် ၎င်းတို့၏ ဂိုးသမားအား မြို့ခံပြိုင်ဘက်အာဆင်နယ်သို့ ရောင်းချရန်ဆန္ဒမရှိဘဲ အခြားအသင်းသို့သာ ရောင်းချလိုသည်။

သို့သော် ကစားသမားကိုယ်တိုင်က အာဆင်နယ်သို့ ပြောင်းရွှေ့လိုခြင်းကြောင့် မော်ရင်ဟိုက အာဆင်နယ်အနေဖြင့် ချက်ကိုလိုချင်လျှင် ချိန်ဘာလိန်အားချယ်လ်ဆီးသို့ ရောင်းချမှသာ သဘောတူနိုင်မည်ဟု တုံ့ပြန်ခဲ့သည်။ ဝင်းဂါးကမူ ချက်အားပြောင်းရွှေ့ကြေးပေါင်၁၀သန်းဖြင့်သာ သီးခြားခေါ်ယူမည်ဖြစ်ပြီး ချိန်ဘာလိန်ကို လုံးဝရောင်းချမည်မဟုတ်ဟု အကြောင်းပြန်ခဲ့သည်။

ပြီးခဲ့သည့်လကပင် မော်ရင်ဟိုက ပီတာချက်အား စိတ်ဝင်စားသည့် အသင်းတိုင်းအနေဖြင့် သိထားရမည်မှာ ချယ်လ်ဆီးကလည်း ထိုအသင်းများမှ ခေါ်ယူလိုသည့် ကစားသမားတစ်ဦးစီရှိကြောင်း သတိပေးပြောကြားခဲ့သည်။

ထို့ပြင် အာဆင်နယ်သည် အသင်း၏လက်ရှိတိုက်စစ်အင်အားဖြစ်သည့် ယာယာဆိုင်နိုဂို၊ ဂျိုရယ်ကမ်းဘဲလ်နှင့် ပိုဒေါစကီးတို့အားရောင်းချရန်ရှိနေရာ လာမည့်ဘောလုံးရာသီအတွက် တိုက်စစ်မှူးအသစ်တစ်ဦးကို မဖြစ်မနေအားဖြည့်ခေါ်ယူရန်လည်း ကြိုးပမ်းနေသည်။

## အဂူရိုရဲ့သွင်းဂိုးနဲ့ အာဂျင်တီးနားက ဥရုဂွေးကို အနိုင်ယူ

ဇွန် ၁၆ ရက်က ကစားခဲ့တဲ့ ကိုပါအမေရိကဖလားအုပ်စု(ခ)ပွဲစဉ်မှာ အာဂျင်တီးနားက လက်ရှိချန်ပီယံ ဥရုဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူနိုင်ခဲ့ပါတယ်။ အာဂျင်တီးနားနည်းပြ မာတီနိုက ပါရာဂွေးနဲ့ကစားခဲ့တဲ့ပွဲက လူစာရင်းအတိုင်း အပြောင်းအလဲမပြုလုပ်ဘဲ ဥရုဂွေးကို ရင်ဆိုင်ခဲ့ပါတယ်။

ပွဲကစားချိန်၃၃မိနစ်အရောက်မှာ ကွင်းလယ်ဒိုင်က ဥရုဂွေးကစားသမားလော်တီရိုကို အဝါကတ်ပြသသတိပေးတာက သက်ညှာလွန်းရာရောက်တယ်လို့ ဝေဖန်ခဲ့တဲ့အတွက် အာဂျင်တီးနားနည်းပြ မာတီနိုပြိုင်ပွဲကြီးကြပ်ခွင့်ဆုံးရှုံးပြီး ကွင်းထဲက ထွက်သွားခဲ့ရပါတယ်။ ဒါပေမယ့်လည်း အာဂျင်တီးနားအနေနဲ့ ကစားကွက်ပျက်မသွားဘဲ အခွင့်အရေးတွေတောင် ပိုမိုဖန်တီးလာနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဥရုဂွေးကလည်း ကစားကွက်ပြောင်းကာ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့လို့ ပွဲဟာကြည့်ကောင်းခဲ့ပြီး နှစ်ဖက်စလုံးသေချာပေါက် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့ကြပေမယ့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပါဘူး။ ပွဲချိန် ၅၆ မိနစ်မှာ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုက ဇာဘာလက်တာရဲ့ ဖန်တီးပေးမှုကနေတစ်ဆင့် ယခုပွဲရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးကို ဒိုင်ဗင်ပစ်ပြီး သွင်းယူပေးခဲ့ပါတယ်။

ယခုပွဲ အနိုင်ကြောင့် အာဂျင်တီးနားအသင်းက အုပ်စု(ခ)မှာ ရမှတ်လေးမှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေပြီး နောက်တစ်ဆင့် တက်ရောက်ဖို့ အလားအလာများသွားခဲ့ပြီဖြစ်ပါတယ်။

မေလဲ့သင်း - စုစည်းသည်

## ဖယ်လ်ကာအိုနှင့် ကွာဒရာဒိုတို့ အကောင်းဆုံးပုံစံပြန်ရမည်ဟု ပီကာမန်းယုံကြည်

ကိုလံဘီယာနည်းပြ ဂျို့စ်ပီကာမန်းက လာမည့်ဘောလုံးရာသီတွင် ကိုလံဘီယာကစားဖော်နှစ်ဦးဖြစ်သည့် ဖယ်လ်ကာအိုနှင့် ကွာဒရာဒိုတို့နှစ်ဦး ချယ်လ်ဆီးကို ကူညီရင်း ၎င်းတို့၏ အကောင်းဆုံးပုံစံများပြန်လည်ရရှိလာမည်ဟု ယုံကြည်ကြောင်း ဆိုခဲ့သည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ဖယ်လ်ကာအိုအား မိုနာကို မှ ချယ်လ်ဆီးသို့ အငှားဖြင့်ခေါ်ယူရန် ညှိနှိုင်းနေပြီး အပြီးသတ် သဘောတူညီချက်ရရန် အနည်းငယ်သာ ကျန်ရှိတော့သည်။

ကွာဒရာဒိုသည် ပြီးခဲ့သည့် ဆောင်းရာသီအပြောင်းအရွှေ့ကာလ၌ ချယ်လ်ဆီးသို့ရောက်ရှိလာခဲ့သူဖြစ်ပြီး ၁၃ ပွဲ ဝင်ရောက်ကစားပေးခဲ့ရာ ဂိုးဖန်တီးမှုနှင့် ဂိုးသွင်းယူနိုင်မှုလုံးဝမပြုလုပ်နိုင်ခဲ့ပေ။ ဖယ်လ်ကာအိုသည်လည်း မန်ယူ၌ အငှားဖြင့် ကစားနေစဉ်ကာလအတွင်း သာမန်ခြေစွမ်းအောက်ရောက်ရှိနေသည့်အတွက် မန်ယူက အပြီးသတ်စာချုပ်ချုပ်ဆိုရန် ငြင်းပယ်ခံခဲ့ရသူဖြစ်သည်။

ပီကာမန်းက "ဖယ်လ်ကာအိုရော ကွာဒရာဒိုပါ ချယ်လ်ဆီးမှာ တစ်ဦးနဲ့တစ်ဦးကူညီရင်း ကလပ်အသင်းကို အကောင်းဆုံးအကျိုးပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ သူတို့နှစ်ဦးလုံး ချယ်လ်ဆီးမှာ အောင်မြင်တဲ့ အနေအထားတစ်ရပ်ကို တည်ဆောက်နိုင်ပါလိမ့်မယ်" ဟု ဘရာဇီးနှင့် ကိုပါအမေရိက ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကွာဒရာဒိုကလည်း ဖယ်လ်ကာအိုအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးသို့ သေချာပေါက်ရောက်ရှိလာရန် မျှော်လင့်ထားပြီး ၎င်းတို့နှစ်ဦး နိုင်ငံလက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းမှာပါ အတူတကွ တွဲဖက်ကစားရမည်ဆိုလျှင် အင်မတန်ပျော်ရွှင်မိမည်ဖြစ်ကြောင်း ဆိုခဲ့သည်။





## ပေါ်တူဂီကို ရှုံးနိမ့်ခဲ့ခြင်းက အီတလီအတွက် တိုးတက်လာစေရန်အထောက်အကူပြုမည်ဟု ကွန်တီဆို



ဇွန် ၁၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ပေါ်တူဂီနှင့် အီတလီအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် အီတလီက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အီတလီနည်းပြကွန်တီက ၎င်းအနေဖြင့် စိတ်ပျက်ခြင်းမရှိဘဲ အသင်းအတွက်ရရှိခဲ့သော သင်ခန်းစာအသစ်တစ်ရပ်အဖြစ်သာ သဘောထားသည်ဟု ဆိုသည်။

အဆိုပါရှုံးပွဲမှာ ကွန်တီလက်ထက် အီတလီအနေဖြင့် ပထမဆုံးရှုံးနိမ့်မှုဖြစ်ကာ ၂၀၁၅ ခုနှစ်အတွင်းရရှိထားသော ရှုံးပွဲမရှိ စံချိန်ပါကျိုးပျက်ခဲ့ခြင်းလည်းဖြစ်သည်။ သို့သော် ကွန်တီက ယင်းအရှုံးမှာ အီတလီအသင်းအား ပိုမိုကြံ့ခိုင်လာအောင် ဆောင်ကြဉ်းပေးမည့် အပေါင်းလက္ခဏာဆောင်သည့် ရှုံးနိမ့်မှုပင်ဖြစ်သည်ဟု တင်စားခဲ့သည်။

"ဒီလိုပွဲတွေက အသင်းအတွက် တကယ်ကိုအရေးပါတဲ့အရာတွေပါ။ ဘာဖြစ်လို့လဲဆိုတော့ အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေဟာ ရှုံးနိမ့်ခဲ့တဲ့အခါမှသာ ပိုပြီးပေါ်လွင်လာတတ်တဲ့သဘောမှာ ရှိပါတယ်။ အီတလီအနေနဲ့ ဘောလုံးအဆင့် သတ်မှတ်ချက်မှာ ဘာလို့ တခြားနိုင်ငံတွေအောက် ရောက်နေတာလည်းဆိုတာ ကျွန်တော်မသိပါဘူး။ ဒါက အရင်တုန်းက စီမံခန့်ခွဲသူတွေကြောင့် ဖြစ်လာတဲ့အကျိုးဆက်ပေါ့။ ကျွန်တော်တို့ ဒီထက်ပိုပြီး အများကြီးကြိုးစားရမယ်ဆိုတာ ရလဒ်တွေက သက်သေခံနေပါတယ်" ဟု ကွန်တီက Rai နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အီတလီသည် ယခင်နည်းပြ ပရန်ဒယ်လီလက်ထက်တွင် ရလဒ်များဆိုးရွားခဲ့ခြင်းကြောင့် လက်ရှိတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင်လည်း ဦးစားပေးအဆင့်သတ်မှတ်ခြင်းမခံခဲ့ရပေ။

# ၁၀ ဘီးယာဉ် ဂီယာပြုတ်၍ ချောက်ထဲထိုးကျ၊ ခရီးသည် ခြောက်ဦးသေဆုံး



**ပခုက္ကူ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်တွင် ဇွန် ၁၆ ရက် နံနက် ၂ နာရီက သစ်များတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး ဂီယာပြုတ်၍ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျခဲ့သဖြင့် လူခြောက်ဦး အခင်းဖြစ်နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူ-ဆောကားလမ်း အတိုင်း ဆောမြို့မှ ဆိပ်ဖြူမြို့သို့ ဆိပ်ဖြူမြို့နယ် ရေလည်ကျွန်းကျေးရွာနေ စိုးလင်း(ခ)ဖိုးဇော် (၃၈)နှစ် မောင်းနှင်လာသည့် ၂ခ/--- နီဆန်း (၁၀)ဘီးယာဉ်သည် မိုင်တိုင်အမှတ် (၃၄/၆) နှင့် (၃၄/၇) အကြား ကုန်းဆင်းအရောက်တွင် ဂီယာပြုတ်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက် ၁၀ ပေခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ၂၀ အနက် ခြောက်ဦးသေဆုံးခဲ့ပြီး ကျန်ခရီးသည် ၁၄ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ စိုးလင်း(ခ) ဖိုးဇော်အား ဆိပ်ဖြူမြို့နယ် ကဇွန်းမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါယာဉ်ပေါ်တွင် ပျဉ်းကတိုး ၄၂ ချောင်း နှင့် အင်ကြင်း ၄၇ချောင်း စုစုပေါင်းသစ် ၈၉ ချောင်းတို့အား တွေ့ရှိရသဖြင့် စစ်ဆေးရာ ဆိပ်ဖြူမြို့နယ် ကဇွန်းမကျေးရွာနေ အောင်တိုးဝင်း(၃၅)နှစ် (ယာဉ်မှောက်သေဆုံး)၏ သစ်များဖြစ်ကြောင်း သိရှိရသဖြင့် ယာဉ်မောင်း စိုးလင်း(ခ) ဖိုးဇော်နှင့် အောင်တိုးဝင်းတို့အား ဆိပ်ဖြူမြို့နယ် ကဇွန်းမနယ် မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိုညိုဝင်း (မကွေး)**

# ကန့်ဘလူတွင် ဆိုင်ကယ်နှင့်ကားတိုက်မိ နှစ်ဦးသေဆုံး

**ကန့်ဘလူ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂) ရပ်ကွက် ယုဇနလမ်းနှင့် စည်ပင်သာယာ လမ်းထောင့်ဆုံတွင် ဇွန် ၁၅ရက် ညပိုင်းက ဆိုင်ကယ်နှင့်ကားတိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူနှင့် နောက်မှလိုက်ပါသူတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စည်ပင်သာယာလမ်းအတိုင်း အနောက်မှအရှေ့သို့ တင်မောင်(၅၀)နှစ် အမှတ်(၃)ရပ်ကွက် မြိုင်သာယာရပ် ကန့်ဘလူမြို့နေသူ မောင်းနှင်ပြီး နောက်မှ မသိန်းမြင့်(၃၀)နှစ် စီးနင်းလိုက်ပါလာသော ဆိုင်ကယ်နှင့် ယုဇနလမ်းအတိုင်း ထွန်းမင်းအောင် (၃၈)နှစ် အမှတ် (၂)ရပ်ကွက် ကန့်ဘလူမြို့နေသူ မောင်းနှင်လာသော ယူဒီကောင်တာ ခြောက်ဘီးယာဉ်တို့ ယုဇနလမ်းနှင့်စည်ပင်သာယာလမ်းဆုံတွင်တိုက်မိကြရာ ဆိုင်ကယ်မောင်းနှင်သူ တင်မောင်နှင့် နောက်မှလိုက်ပါသူ မသိန်းမြင့်တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွှေလက်ကောက်အတု လိမ်လည်ပေါင်နှံသူအား အရေးယူထား

**မကွေး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကွေးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မကွေးမြို့ ကန်သာရပ်ကွက် ငုရွှေဝါလမ်း အမှတ်(၇) အပေါင်ဆိုင်တွင် လူတစ်ဦးက ရွှေလက်ကောက်တစ်ကွင်းအား လာရောက်လိမ်လည်ပေါင်နှံနေကြောင်း ဆိုင်ရှင်၏အကြောင်းကြားချက်အရ သွားရောက်စစ်ဆေးရာ မင်းလှမြို့နယ် မန်းသံပုရာကန်ကျေးရွာနေသူ သန်းနိုင်မြင့် (၂၃)နှစ်သည် ရွှေလက်ကောက်အတု အလေးချိန် တစ်ကျပ် တစ်ပဲလေးရွေးအား လိမ်လည်၍ လာရောက်ပေါင်နှံကြောင်း တွေ့ရှိရသဖြင့် သန်းနိုင်မြင့်အား မကွေးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ
## မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# လားရှိုး၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး (၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု(၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-ပိန်းခမ်း သွားကားလမ်းတွင် ပိန်းခမ်း ကျေးရွာဘက်မှ ကုန်းညောင် ကျေးရွာဘက်သို့ လောက်ရှုံးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိသဖြင့် လောက်ရှုံး (၄၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။




■

# ပင်လောင်း၌ ဘိန်းဆီခဲ ၂ ဒသမ ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု (၂၆) ပင်လောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်း-လွိုင်ကော်သွား ကားလမ်း မိုင်တိုင်(၄၉/၃)တွင် ပင်လောင်းဘက်မှ စင်းတောင်(တောင်)ကျေးရွာဘက်သို့ မောင်ငယ်(ခ)ငဲပေ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဆီခဲ ၂ ဒသမ ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀ တို့ကို သိမ်းဆည်းရမိသဖြင့် မောင်ငယ် (ခ) ငဲပေ (၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ် လူသစ်
## ဘဝသစ်

# မုတ်သုံလေအားကောင်းလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

**ဘင်္ဂလားပင်လယ်အော်နှင့်တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ဇွန် ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် KALPANA 1 ဂြိုဟ်တုမှ တိုင်းတာချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် တိမ်ထူထပ်နေပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတွင် လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်ပြီး ကျန်မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းနှင့်ကမ်းလွန်ရှိ လှိုင်းအမြင့်မှာ ငါးပေမှ ခြောက်ပေခန့်၊ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းတွင် လှိုင်းအမြင့် လေးပေမှ ငါးပေခန့်နှင့် ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအမြင့် သုံးပေမှ လေးပေခန့် ရှိနိုင်သည်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန် ၃၄ ဒီဂရီ စင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်ခန့်၊ ကျန်တိုင်းဒေသကြီးများနှင့် ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် (အရှေ့ပိုင်း)တို့တွင် နေ့အပူချိန်များမှာ ၃၀ ဒီဂရီစင်တီဂရိတ် မှ ၃၃ ဒီဂရီစင်တီဂရိတ်ရှိနိုင်ပြီး ကျန်ပြည်နယ်တို့တွင် နေ့အပူချိန် ၂၄ ဒီဂရီစင်တီဂရိတ်မှ ၂၉ ဒီဂရီစင်တီဂရိတ် ရှိနိုင်သည်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာတစ်ပြည်လုံးတွင် မိုးတိမ်တောင်များအသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် မိုးတိမ်တောင်များ အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်**

တစ်ပြည်လုံးတွင် နေရာကျဲကျဲမှစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ကမ်းရိုးတန်းဒေသများတွင် ခေတ္တခဏမျှ မိုးသည်းထန်နိုင်သည်။

**နောက်(၂)ရက်အတွက်ခန့်မှန်းချက်**

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာရာမှ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအထိဖြစ်လာနိုင်သည်။

**(ဒေါက်တာထွန်းလွင်)**


## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | Laboratory Glassware | 1 Lot |
| (ခ) | Reference Standard Material | 1 Lot |
| (ဂ) | Chemical Reagent | 1 Lot |
| (ဃ) | ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ | |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၆-၂၀၁၅ရက်မှ ၂၆-၆-၂၀၁၅ရက်အထိ
တင်ဒါပုံစံလက်ခံမည့်ရက် - ၂၉-၆-၂၀၁၅ရက်မှ ၉-၇-၂၀၁၅ရက်အထိ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်
(စံပယ်အိမ်ရာအရှေ့)
ဖုန်း-၀၆၇-၄၀၃၁၇၀၊ ၀၆၇-၄၀၃၄၉၀



## တိုက်ခန်းမြေညီ(တိုက်သစ်)အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ အာရှတော်ဝင်ဆေးခန်းအနီး ပေ(၂၅×၅၀)၊ မြေညီ၊ RCခင်း၊ မီးဖိုချောင်(ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားခင်း)ပြင်ဆင်ပြီး၊ ပြတင်းပေါက်သံပန်းတံခါးတပ်ပြီး ရောင်း(သိန်း-၂၁၀၀)ညှိနှိုင်းဈေး။

ဖုန်း-၀၉-၄၉၅၈၃၅၄၅၊ ၀၉-၇၃၀၂၄၅၃၄



## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်း(၂)ခုအတွက် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူအပ်ပါသည်-

(က) မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း။
(ခ) ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း။
(ဂ) တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့်ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း။
(ဃ) ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၉-၆-၂၀၁၅ရက်မှ ၂၆-၆-၂၀၁၅ရက်အထိ
တင်ဒါပုံစံလက်ခံမည့်ရက် - ၂၉-၆-၂၀၁၅ရက်မှ ၉-၇-၂၀၁၅ရက်အထိ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်
(စံပယ်အိမ်ရာအရှေ့)
ဖုန်း-၀၆၇-၄၀၃၁၇၀၊ ၀၆၇-၄၀၃၄၉၀

# MPT တာဝါတိုင်များအား 3G ကွန်ရက်များ တပ်ဆင်အသုံးပြု

**ကသာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ယခုနှစ်အတွင်း ၎င်း၏မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးတာဝါတိုင်များအား 3G ကွန်ရက်အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

ယခင်က ကသာမြို့သည် ဆက်သွယ်ရေးလိုင်းများမကောင်းခြင်းကြောင့် မိုဘိုင်းလ်ဖုန်းသုံးစွဲမှုနှင့် အင်တာနက်လိုင်းသုံးစွဲမှုများတွင် အခက်အခဲများရှိခဲ့သည်။ လက်ရှိသုံးစွဲနေသော မိုက်ခရိုရုံးရှိ GSM Radio BTs စခန်းများအပြင် ကြေးနန်းရုံအတွင်း ကသာတပ်ဦးကျောင်းအနီး တာဝါတိုင်တို့အား ယခုနှစ် ဖေဖော်ဝါရီလအတွင်းက လိုင်းဖွင့်ပေးခဲ့သည်။ ယင်းအပြင် ကသာမြို့ ရပ်ကွက်(၉)၊ အပိုင်း(၃) နှင့် ရပ်ကွက်(၆) တို့တွင်လည်း GSM Radio BTs စခန်းများ တည်ဆောက်နေပြီးဖြစ်ကြောင်း ကသာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တာဝန်ခံ ဒေါ်သီဂီဝင်းက ပြောသည်။

အင်တာနက်သုံးစွဲရာတွင် ပိုမိုကောင်းမွန်သော 3G ကွန်ရက်တပ်ဆင်မှာဖြစ်ပြီး အရင်က အဝေးဆက်ကြောင်း (E1) ကို အသုံးပြုနေရာမှ အဝေးဆက်ကြောင်း (FE) အမျိုးအစားကို ပြောင်းလဲအသုံးပြုနေပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် တာဝါတိုင်များအားလုံးကို 3G ကွန်ရက်အဆင့်သို့ တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ဂျပန်နိုင်ငံအခြေစိုက် KDDI ကုမ္ပဏီ၊ Sumitomo ကော်ပိုရေးရှင်းတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယခင်က မြန်မာနိုင်ငံ၌ မိုဘိုင်းလ်ဖုန်းသိပ်သည်းဆမှာ ၁၀ ရာခိုင်နှုန်းကျော်သာရှိခဲ့ပြီး လွန်ခဲ့သောနှစ်နှစ်ခန့်မှစတင်ကာ ပြည်တွင်း၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ အရေအတွက်တိုးတက်များပြားလာရာ မိုဘိုင်းလ်ဖုန်းသိပ်သည်းဆသည် ၅၅ ဒသမ ၄၂ ရာခိုင်နှုန်းအထိ တိုးမြှင့်လာခဲ့သည်။



ယင်းကဲ့သို့ တိုးမြှင့်လာခြင်းကြောင့် ၂၀၁၆ ခုနှစ်ကုန်ပိုင်းလောက်တွင် မြန်မာနိုင်ငံဧရိယာ၏ ၇၅ ရာခိုင်နှုန်းခန့်သည် မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်မည့်အပြင် အင်တာနက်သုံးစွဲမှုမှာလည်း မိုဘိုင်လ်းဖုန်းအသုံးပြုသူအရေအတွက်၏ ၅၀ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိလာလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ **ကသာခရိုင်(ပြန်/ဆက်)**

## မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းညှိနှိုင်းပွဲကျင်းပ

**ဗန်းမော် ဇွန် ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့ ဖရန့်ရှစ်ဟိုတယ်ဧည့်ခန်းမ၌ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းတွေ့ဆုံပွဲကို ဇွန် ၁၁ ရက်မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဇွန် ၁၅ ရက်မှ ၂၀ ရက်အထိ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူမြို့နယ်များရှိ ကျေးရွာပေါင်း ၆၃ ရွာတွင် မဲဆန္ဒရှင် မဲစာရင်းဆိုင်ရာအသိပညာပေးဟောပြောပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဗန်းမော်ခရိုင်အတွင်းတွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၂၂ ရက်မှ စတင်၍ ဇူလိုင် ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာများ၌ ထုတ်ပြန်ကြေညာထားမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူငယ် ၁၀၆ ဦးအား အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ပေး

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ်စပ်တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သော မော်တော်ယာဉ်စက်ပြင်သင်တန်းအပတ်စဉ်(၂)၊ လျှပ်စစ်သင်တန်းအပတ်စဉ်(၂)၊ ဂဟေသင်တန်း အပတ်စဉ်(၁)နှင့် (EFI) အင်ဂျင်သင်တန်းအပတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်းဆောင်၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက နယ်စပ်ဒေသတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်နှစ်ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအချက်အနေဖြင့် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒုတိယအချက်အနေဖြင့် ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများ၊ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများ ဖွင့်လှစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အသိပညာ၊ အတတ်ပညာများ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းကြောင့် ယနေ့ဖွင့်လှစ်သင်ကြားသော သင်တန်းကို စိတ်အားထက်သန်စွာနှင့် သင်တန်းပြီးဆုံးသည်အထိ ဇွဲလုံ့လဝီရိယစိုက်ထုတ်ကာ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မော်တော်ယာဉ်စက်ပြင်သင်တန်းသား ၃၀ ဦး၊ လျှပ်စစ်သင်တန်းသား ၃၀၊ ဂဟေသင်တန်းသား ၃၀ နှင့် EFI (Electronic Fuel Injection) အင်ဂျင် သင်တန်းသား ၁၆ ဦး စုစုပေါင်း သင်တန်းသား ၁၀၆ ဦး တက်ရောက်ခဲ့သည်။

သင်တန်းကာလ သုံးလသင်ကြားပြီးတတ်မြောက်သွားပါက အလုပ်အကိုင်အခွင့်လမ်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြော

**မင်းဘူး ဇွန် ၁၇**

ပွင့်ဖြူမြို့နယ် သိမ်ကုန်းကျေးရွာနှင့် ကူးကြီးကျေးရွာတို့တွင် ဇွန် ၁၂ ရက်ကလည်းကောင်း၊ ဇွန် ၁၆ ရက်တွင် မင်းဘူးမြို့နယ် နန်းတော်ကုန်းကျေးရွာတို့တွင်လည်းကောင်း ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရှိ ဝန်ထမ်းများမှ ငါးသယံဇာတများ ပျက်သုဉ်းမှုမဖြစ်စေရေးနှင့် ထိန်းသိမ်းနိုင်ရေးတို့အတွက် ရေလုပ်သားများရှိရာ ကျေးရွာများအရောက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်နေ ဒေသခံပြည်သူများနှင့် ရေလုပ်သားများ တက်ရောက်ခဲ့ပြီး ငါးရစ်ငါးသန်များ သားပေါက်ချိန် ငါးမဖမ်းဆီးရေးနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းနည်းများ အသုံးမပြုရေးကို ဒေသခံပြည်သူများမှ ဝိုင်းဝန်းကာကွယ်တားဆီးနိုင်ရေး အသိပညာပေးဟောပြောခဲ့သည်။ **သူရထွန်း**


### စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၅၅၄)နေ ဦးစိုးထွန်း(ရေနံသယ်ပို့ M.P.P.E)-ဒေါ်နိုင်နိုင်လင်းတို့၏တစ်ဦးတည်းသောသား

**မောင်အောင်ပိုင်ပိုင်ထွန်း**

Master of Development Studies 2 nd (Y.I.Eco)

B.B.A(Y.I.Eco),BDS 21 st (MOFA)

Managing Director (AYEYARWADY EVEREST CONSTRUCTION CO,.LTD)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အနောက်အောင်မေတ္တာလမ်းသွယ်(၁)လမ်း၊ အမှတ်(၂၄)နေ တပ်ကြပ်ကြီး ခင်မောင်လွင်(အမှတ်-၆၊ ယာဉ်ထိန်းရဲ၊ ဒုတပ်ဖွဲ့ခွဲ၊ ရန်ကုန်၊ အရေးပေါ်ကယ်ဆယ်ရေးတပ်စိတ်)-ဒေါ်မြင့်မြင့်မော်တို့၏ သမီးလတ်၊ မောင်ပြည့်ဖြိုးခိုင် Manager (Prime Boss Co.,Ltd)၏ ညီမ မောင်ကောင်းစည်သူ၏အစ်မ

**မထားသီရိလွင်**

B.E (Civil),W.Y.T.U

Project Director (AYEYARWADY EVEREST CONSTRUCTION CO.,LTD)

တို့၏ ၆-၆-၂၀၁၅ရက်တွင် Sky Star Hotel(Royal Ballroom)တွင် ကျင်းပခဲ့သော မင်္ဂလာပွဲ၌ လက်ထပ်ချီးမြှင့်ပေးပါသော သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဒေါက်တာဦးစိုးသိန်း Managing Director(SHWE DA NA AUNG CO.,Ltd)နှင့်ဇနီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်းတို့အား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ဒုတိယရဲမှူးကြီး ကိုကိုနိုင် [တပ်ဖွဲ့ခွဲမှူး(ရန်ကုန်)ရေကြောင်းရဲတပ်ဖွဲ့]နှင့်ဇနီး ဒေါ်နီလာထွန်း၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာလက်မှတ်ရေးထိုးရန် မေတ္တာဖြင့်ကူညီပေးပါသော အထက်တန်းရှေ့နေ ဦးလွင်အောင်ဦး(Lwin Assocaiates & Law Firm)၊ အထက်တန်းရှေ့နေ ဒေါ်သစ်သစ်မြင့်အောင် (Lwin Associates & Law Firm)၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ရွှေယမင်းဦး၊ အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာ ပန်းခြင်းကိုင်ဆောင်ပေးပါသော မမျှုးမြတ်သိင်္ဂီနှင့် မထွဋ်မြတ်စန္ဒီ၊ မင်္ဂလာပန်းကြဲပေးသော မော်ဒယ်ယုသစ္စာကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မစုစုစိုးစံ၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေသန္တာအောင်၊ မင်္ဂလာ သတို့သားအရံအဖြစ်မောင်ပြည့်ဖြိုးခိုင်၊ မောင်အောင်ပိုင်မျိုး၊ မင်္ဂလာသတို့သမီးအရံအဖြစ် မမင်းသိင်္ဂီကျော်၊ မဝေမောင်မောင်သွင်၊ မင်္ဂလာဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ်အလှဆင်မြန်းပေးပါသော မထက် (Pop Soul)၊ မင်္ဂလာဆွမ်းကျွေးနှင့် မင်္ဂလာညစာစားပွဲဝတ်စုံ ဒီဇိုင်းကို ချုပ်လုပ်ပေးပါသော မသီရိ[ရတနာသိင်္ဂီ (Silk Myanmar Traditional Dress & Embroidery Design)]၊ ဓာတ်ပုံနှင့်ဗီဒီယိုကို မင်းသန့်(Green Zone)၊ ပန်းအလှပြင်ဆင်ပေးပါသော မဝင်းစန္ဒာကြီး (Ko Ko Gyi & Bros), Pre Wedding မင်္ဂလာဆွမ်းကျွေး၊ မင်္ဂလာညစာစားပွဲနှင့် Wedding ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးခဲ့သော မိတ်ကပ် Gucci Aung နှင့် ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများ၊ မင်္ဂလာဧည့်ခံပွဲကျင်းပဧည့် ခံပေးပါသော Sky Star Hotelမှ ကိုနေစိုးထွန်းနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်ပိုင်ပိုင်ထွန်း-မထားသီရိလွင်**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၆၄၄)၊ မြေကွက်တည်နေရာအမှတ်(၆၄၄)၊ ရွှေအုတ်ဂူ(၆)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစံသိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဧရိယာ ပေ(၄၀)×ပေ(၆၀)ရှိသည့်အနက်မှ ဧရိယာပေ(၂၀×၆၀)အား သာကေတမြို့နယ် တရားရုံး၌ ဦးအောင်ကျော်(ခ) ဦးမောင်ချစ်ပါ(၂)မှ ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄ ဖြင့် ဦးစံသိန်းအားပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၈ အမိန့်တို့ကိုတင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်အေးအေးမြင့် [၁၂/သကတ(နိုင်)၀၀၅၄၆၀]မှ ဧရိယာပေ(၂၀×၆၀)portion အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ် ၃၃/၃၇၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅Dº၊ မြေကွက်အမှတ်-IV Class 3 မြေပိုင်မြေအမျိုးအစား၊ Hawa Bi Bi M.G.Arift (စီဒီ-၀၁၄၃၀၇)အမည်ပေါက်မြေအား ပစ္စည်းခွဲဝေမိန့်အမှတ်-၇၄၅/ ၆၈ ၏ မိတ္တူမှန် ၂၀၀၇ခုနှစ်၊ အပိုင်ပေးမြေပုံ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းဒေါ်ဟာဝါဘီဘီ(ခ)ဟာဝါဘီဘီ အမ် ဂျီအာရစ်(ဖ်)၏ ၃၀-၃-၂၀၁၅ရက် ကတိသစ္စာ ပြုလွှာ၊ ဒေါ်ဟာဝါဘီဘီ(CD-၀၁၄၃၀၇)မှ လွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၅၁၄/၁၉-၂-၁၅)နှင့် ပါဝါမရုပ်သိမ်းကြောင်း၊ သက်ရှိထင်ရှားရှိကြောင်း၊ ကတိသစ္စာပြုလွှာတို့ကိုတင်ပြ၍ GP ရရှိသူဦးမူဆာဟာရှင်ဒူပလီ [၁၂/ကတတ(နိုင်)၀၂၂၅၇၁]မှ အပိုင်ပေးစာချုပ် ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာပါသဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



### ကြော်ငြာစာ

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအား ပြည်ပသို့တင်ပို့ခြင်း/ပြည်တွင်းသို့တင်သွင်းခြင်းကိစ္စများနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်ပမှ အသားတင်သွင်းခြင်းကိစ္စနှင့် ပတ်သက်၍ ပြည်တွင်းလုပ်ငန်းရှင်များ၊ တင်သွင်းလိုသူများသည် ပြည်ပမှအသားများအား ပြည်တွင်းသို့တင်သွင်းလိုပါက မြန်မာနိုင်ငံ သားငါးကဏ္ဍဆိုင်ရာစစ်ဆေးရေးအဖွဲ့ (Myanmar Meat Inspection Board) နှင့်ဆက်သွယ်၍ဆောင်ရွက်နိုင်ပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်စွာ ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ စည်းမျဉ်းစည်းကမ်းများလိုက်နာမှုမရှိဘဲ တင်သွင်းမှုများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူသွား မည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါကဆက်သွယ်ဆောင်ရွက်ရန်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

**Myanmar Meat Inspection Board**

ဖုန်း-၀၆၇-၄၀၈၄၆၃

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**



t rn ajymi;

ကမာရွတ်(TTC) လေ့ကျင့်ရေးအထက်တန်းကျောင်း ဒသမတန်း(င)မှ ဦးဇော်ဝင်း၏ သမီးဖြစ်သူ မမိုးမြင့်မြတ်အင်ကြင်းအား မမိုးသင်းမြတ်အင်ကြင်းဟု ပြောင်းလဲခေါ် ဆိုပါရန်။ **မမိုးသင်းမြတ်အင်ကြင်း**



### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ်(၃၂)၊ (၄)လွှာပေါ်တွင် ဆောက်လုပ်ထားသည့်အကျယ်အဝန်း ပေ(၂၅×၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည် အဆိုပြုသူ [ဦးမြင့်ဆွေ-၁၂/ဗတထ(နိုင်)၀၀၃၄၄၁]ထံမှ ကျွန်တော်ကိုယ်တိုင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဟိန်း**
**[၁၂/အစန(နိုင်)၁၉၀၄၄၇]**

# စဉ့်ကူးမြို့နယ်၏နှစ်စဉ်ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်

**စဉ့်ကူး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်စဉ်ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးတင်မောင်အုန်းက မြို့နယ်တစ်ခုလုံး၏ ဝင်ငွေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (GDP) အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် စဉ့်ကူးမြို့နယ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းတို့က မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စီမံကိန်း ဦးစီးမှူး ဦးတင်မောင်အုန်းနှင့် တာဝန်ရှိသူတို့က ရှေ့တန်းစခန်းများအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူးတို့အား စီမံကိန်းတာဝန်များပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ စီမံကိန်းဦးစီးမှူး ဦးတင်မောင်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းမောင်**

# တပ်ကြီးကျေးရွာ၌မြစိမ်းရောင်စီမံကိန်းကြောင့်ဖွံ့ဖြိုးတိုးတက်လာ

**စဉ့်ကိုင် ဇွန် ၁၇**

စဉ့်ကိုင်မြို့နယ် တပ်ကြီးကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ စီမံချက်ဖြင့် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့မှုကြောင့် ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် ရင်နှီးမြှုပ်နှံခြင်း၊ လက်လုပ် လက်စားများသည် အရင်းအနှီးရရှိကာ ကုန်စုံဆိုင်နှင့် ဆိတ်၊ ဝက်၊ နွားများ မွေးမြူလာခြင်းကြောင့် ကျေးရွာနေပြည်သူများသည် ဝင်ငွေတိုးတက်လာကာ ယခင်ကထက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

“အရင်ကဆို ဒီရွာက နယ်တကာလှည့်ပြီး ငါးကန်တူးတာလိုက်ကြရတယ်။ ရွာမှာ လူသိပ်မရှိဘူး၊ ရွာကလည်း ဖွံ့ဖြိုးမှု နောက်ကျတယ်၊ အခုဆို သူတို့ကို အရင်းအနှီး လုပ်နိုင်အောင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖြစ် ငွေထုတ်ချေးပေးခဲ့တာ စိုက်ပျိုးရေး၊ မွေးမြူရေးတွေမှာ ရင်းနှီးမြှုပ်နှံလာတော့ အခုဆို ရွာသူ၊ ရွာသားတွေ တော်တော် အဆင်ပြေနေတာ တွေ့ရတယ်၊ ကျွန်မတို့ကတော့ စစ်ဆေးတာလောက်ပဲလုပ်တယ်” ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။

မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် တပ်ကြီးကျေးရွာကို အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကာ နှမ်း၊ သဘော်၊ ကွမ်းခြံများ စိုက်ပျိုးခြင်း၊ သိုး၊ ဆိတ်၊ နွား၊ ဝက်များ မွေးမြူခြင်း၊ ကုန်စုံဆိုင်များ ဖွင့်လှစ်ရောင်းချခဲ့ကြသည်။

ယခုအချိန်တွင် နှမ်းများ ရိတ်သိမ်းနေပြီဖြစ်သဖြင့် တောင်သူများ လက်တွေ့ အကျိုးခံစားနေကြသည်ကိုလည်း တွေ့ရသည်။

“အရင်ကတော့ ရွာက သွားရေးလာရေးလည်း ခက်တယ်၊ အရင်းအနှီးကလည်း မရှိတော့ ငါးကန်တူးတာကို ရွာရဲ့ အဓိကစီးပွားရေးလိုလိုက်လုပ်ရတယ်။ အခုတော့ နည်းသွားပြီး ကိုယ့်အရင်းအနှီးနဲ့ကိုယ်ဆိုတော့ အကျိုးအမြတ်လည်း ကိုယ်လုပ်သလောက်ရတာပေါ့။ ဒါပေမယ့် အသုံးမကြီးဖို့နဲ့ စည်းကမ်းရှိဖို့တော့ လိုပါတယ်”ဟု ချေးငွေဖြင့် ကုန်စုံဆိုင်ဖွင့်လှစ်ဆောင်ရွက်နေသူ တစ်ဦးက ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော တပ်ကြီးကျေးရွာသည် အိမ်ခြေ ၉၀ ဝန်းကျင်ခန့်သာရှိပြီး လူဦးရေ ၃၅၀ ခန့်သာ ရှိသောကြောင့် အရင်းမပျောက်မတည်ရင်းနှီးငွေကျပ်သိန်း၃၀၀သည် ကျေးရွာအတွက် လုံလောက်မှုရှိကာ သက်ဆိုင်ရာဌာနဆိုင်ရာများမှလည်း အနီးကပ်ကြီးကြပ်ကာ အပတ်စဉ်၊ လစဉ် ကွင်းဆင်းကြည့်ရှုမှုများကြောင့် လုပ်ငန်းများအောင်မြင်ခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီးဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# အရှေ့ကုန်းရွာသဘာဝစိမ့်စမ်းရေရရေးကိုယ့်အားကိုယ်ကိုးဆောင်ရွက်

**ဗန်းမော် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာတွင် သဘာစိမ့်စမ်းရေရရှိရေးအတွက် ဒေသခံများက ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

အရှေ့ကုန်းကျေးရွာသည် အိမ်ထောင်စု ၁၀၀ ခန့်၊ လူဦးရေ ၇၀၀ ခန့် နေထိုင်ကြပြီး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် တစ်ပိုင်တစ်နိုင်ရွှေတူးဖော်ရေးလုပ်ငန်နှင့် ရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီအချို့လုပ်ကိုင်ကြသည်။

တစ်ပိုင်တစ်နိုင် ရွှေတူးဖော်ရေးလုပ်ငန်းမှာ ရှေးမြန်မာမင်းများလက်ထက်ကတည်းက မိရိုးဖလာ စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိသည်။ အဆိုပါကျေးရွာသည် သောက်သုံးရေ ရှားပါးခြင်း၊ ရေတွင်း၊ ရေကန်နှင့် အဝီစိရေတွင်းငယ်များ တူးဖော်ရာတွင် ရေဆီရေဝါများသာ အထွက်များသဖြင့် နေ့စဉ်သောက်သုံးရေ အခက်အခဲကို ဖြေရှင်းနိုင်ရန်နှင့် ဒေသခံများက ကြည်လင်သန့်ရှင်းသော သဘာဝစိမ့်စမ်းရေရရှိနိုင်ရေးအတွက် ဆောင်ရွက်လာကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အရှေ့ကုန်းရွာ ရာအိမ်စုမှူး၊ သဘာဝသောက်သုံးရေရရှိရေး အကျိုးတော်ဆောင်ကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝရေကောင်းရေသန့် ရရှိနိုင်ရေးအတွက် အရှေ့ကုန်းရွာအနောက်ဘက် ပေပေါင်း ၁၅၀၀ ခန့်ကွာဝေးသော စော်ဘွားတောင်ခြေရှိ ရေစိမ့်ပေါက်များထွက်ရှိရာ ဝေမဟီသဘာဝစိမ့်ရေကန်ကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ အလျား ၂၀ ပေ၊ အနံ ၆ ပေ၊ အမြင့် ၅ ပေရှိသော ရေထွက်ကန်နှင့် ၃ လက်မရေလွှတ်ပိုက် ၂လုံးတို့ကို ပဏာမ ဆောက်လုပ်ပြီးစီးခဲ့သည်။

လက်ရှိတွင် ရေသွယ်ပိုက်များသွယ်တန်း တပ်ဆင်ရန်အတွက်ရောက်ရှိနေပြီဖြစ်ပြီး ရေသိုလှောင်ကန်အဖြစ် အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၆ ပေရှိသော အာစီကွန်ကရစ်ရေကန်ကို ကျေးရွာအနီးတွင် ဆက်လက်တည်ဆောက်မည်ဖြစ်ကြောင်း ရာအိမ်စုမှူးဦးထွန်းအောင်က ပြောသည်။

“ကျွန်တော်တို့ရွာမှာ အများစုကသောက်သုံးရေ ရရှိဖို့၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ဖို့အတွက် အချိန်ပြည့်လိုအပ်နေပါတယ်။ ရေတွင်းရေကန်တူးဖော်ဖို့ဆိုတာက လူတိုင်းမတက်နိုင်ပါဘူး။ တူးဖော်ပြီးရင်လည်း ရေတွင်းတွေကမအောင်မြင်ဘူး။ ရေဝါ၊ ရေစေးတွေ အထွက်များတယ် သောက်သုံးဖို့အဆင်မပြေတဲ့အတွက် ရေကောင်းရေသန့်ရရှိဖို့ အခုလို ကိုယ့်အားကိုယ်ကိုးဆောင်ရွက် နေတာပါ” ဟု အရှေ့ကုန်းရွာရပ်မိရပ်ဖ ဦးလှဖေက ပြောပြခဲ့သည်။ **ဆိုင်ကလုံး**

# ချင်းရွှေဟော်၌စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ချင်းရွှေဟော် ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် ဇွန် ၁၄ ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပစေရန်၊ ခြင်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်စွာအောင် ဦးစီးကာ ချင်းရွှေဟော်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သန္တိသုခလူမှုရေးအသင်းအဖွဲ့ဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့ကို သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခဲ့သည်။ **မြို့နယ်ပြန်/ဆက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၂၁၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၁၈/ခ)၊ (၅)လမ်း၊ (၁၅)ရပ်ကွက်၊ တ/ဉ(ဒေါ်ညွန့်ညွန့်(ခ)ဒေါ်ရင်ရင်ပို)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်ညွန့်(ခ) ဒေါ်ရင်ရင်ပို[၁၂/ဥကတ(နိုင်)၁၇၁၃၅၂]က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်များတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများ အတိုင်း Student - Center Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။

၃။ စာသင်ကာလ၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။

၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။

၅။ ၂၀၁၅ ဇူလိုင်လတွင် တန်းခွဲသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ အနေဖြင့် ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး။ ရန်ကုန်မြို့။

Call Now : 09 862 8806, 09 730 31302, 01 504632


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆အေ၊ မြေကွက်အမှတ် V၇၉၊ မြေကွက်တည်နေရာအမှတ်(၈၇)၊ စကားဝါပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်အေးကြည် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးကြည်နှင့်ခင်ပွန်း ဦးမောင်တင့် ကွယ်လွန်သဖြင့် (၁)ဒေါ်အေးစိန်[၁၂/ကမတ(နိုင်)၀၃၄၉၂၉]၊ (၂)ဒေါ်သက်လှိုင်ဦး [၁၂/အလန(နိုင်)၀၂၃၉၆၄]၊ (၃)ဒေါ်မေသန်း[၁၂/ကမတ(နိုင်)၀၃၅၃၂၄]တို့မှ သမီး၊ မြေး၊ မြစ်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေဆုံးကြောင်းရပ်ကွက်၊ မြို့နယ်၊ အုပ်ချုပ်ရေးမှူး၊ တိုင်းကျန်းမာရေးထောက်ခံချက်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာရေးကော်မတီ**

## အမွေပြတ်စွန့်လွှတ်ခြင်း

လေးမျက်နှာမြို့နယ်၊ လှေဆွဲလေးကျေးရွာနေ ကျွန်တော်/ကျွန်မတို့၏သား ဦးမျိုးအောင်(ခ)ပေါက်စ (ခ) သံချောင်း[၁၄/လမန(နိုင်)၀၆၀၈၆၈]နှင့် ချွေးမ ဒေါ်အေးစန္ဒာ[၁၄/လမန(နိုင်)၀၈၁၉၀၀] တို့သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်၍ နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် အမွေစားအမွေခံ သား၊ ချွေးမအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်သိန်း(ဖခင်)[၁၄/လမန(နိုင်)၀၀၅၈၇၄]
ဒေါ်နီလေး(မိခင်)[၁၄/လမန(နိုင်)၀၀၅၈၉၇]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၀/က+ခ၊ မြေကွက်အမှတ်-၇/ဋ္ဌ-၉၏ တစ်စိတ်တစ်ပိုင်း (၀. ၀၃၀)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၂/၁)၊ ဘူတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ မြေပိုင်မြေ(လ/န၃၉) အမည်ပေါက် ဦးမောင်ထွန်း မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ် စာချုပ်အမှတ်-၁၆၁/၆၀ (၂၈-၆-၁၉၆၀)နှင့် ၈၉၄/ ၆၁ (၃၀၁၀. ၁၉၆၁)တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဘချို(ကွယ်လွန်)၊ ဇနီးဖြစ်သူ ဒေါ်ကျင်လှိုင်(ခ)စောချွန်လန်တို့ ကွယ်လွန်သဖြင့် ဦးညွန့်ဝေ (ISN-၁၆၇၃၃၇)မှ တစ်ဦးတည်းသောသား ဖြစ်ကြောင်း ကိုယ်တိုင်ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ၎င်း ကိုယ်စား ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်သိန်း [၁၂/လမန(နိုင်)၀၂၇၇၀၆]မှ ပိုင်ဆိုင်+အပိုင်ပေး မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၁၉ $\frac{၁}{၂}$)၊ မြေကွက်တည်နေရာအမှတ်(၂၁၉ $\frac{၁}{၂}$)၊ ပတ္တမြားလမ်း၊ ဦးနု[၁၂/ဥကမ(နိုင်)၀၅၄၀၄၄] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးနု(တရားရှုံး) ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]က တရားရုံးဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်(၁၁/၁၅)စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၂၁/၁၅) တရားရုံးနေ့စဉ်မှတ်တမ်းအမိန့်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၈၅၆)၊ မြေကွက်တည်နေရာအမှတ်(၈၅၆)၊ ဒဂုံရွှေများ(၂)လမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်ပဂိုဘကျော် (BV-၀၂၅၂၂၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ပဂိုဘကျော်အပေါ် တရားပြိုင်ထားကာ ဦးမင်းမင်းထွန်းမှ တရားလိုပြု၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတွင် အရောင်းအဝယ်စာချုပ်ကို ပဋိညာဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရှုံး ဒေါ်ပဂိုဘကျော် ကိုယ်စား ဘီလစ်ဒေါ်နီလာခင် [၁၂/မဂဒ(နိုင်)၀၉၈၉၀၀]မှ တရားမကြီးမှုအမှတ်-၂၃/၁၅၊ (၂၃-၃-၂၀၁၅) ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၄၆/၁၅ ၏ နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်ကြောင်းစာတို့ တင်ပြ၍အရောင်း မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဤဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


ဟိုက်ခြောလစ်/လေပီအား
Fully Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၉၀၃)၊ မြေကွက်တည်နေရာအမှတ်(၉၀၃)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးအောင်စိုး)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးအောင်စိုး ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ဌေးကြည် [၁၂/ကမရ(နိုင်)၀၁၆၇၄၈]မှ မြေချပါမစ်ပျောက်ဆုံး ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန် ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ဆေးဖက်ဝင် ကြိတ်မှန်ပင်လေးများ”

၁၆-၆-၂၀၁၅(အင်္ဂါနေ့)စာမျက်နှာ(၁၆)မှ ဆောင်းပါးအဆက်



(၇) ကြိတ်မှန်ရွက် သတ္တုရည်နှင့် ပင်စိမ်းရွက် သတ္တုရည်တို့ကို ဆတူရော၍ တစ်နေ့နှစ်ကြိမ်ခန့် မီးလောင်နာပေါ်တွင် လိမ်းပေးခြင်းဖြင့် အပူလောင်ခြင်း လုံးဝပျောက်ကင်းစေရုံသာမက အမာရွတ် လုံးဝမကျန်စေတော့ပေ။

(၈) ကြိတ်မှန်ရွက်နှင့် ခွေးသေးပန်းရွက်တို့ကို ရှိန်းခိုအနည်းငယ်ထည့်ကြိတ်၍ ရလာသော ထိုဆေးရည်အနှစ်တို့ကို -

- (က) ကလေးနှာပိတ်ခြင်းအတွက် ငယ်ထိပ်မှ နှာခေါင်းအထိ ဆွဲချပေးပါ။
- (ခ) ကျောပူ ခေါင်းပူ ချွဲထခြင်းအတွက် ငယ်ထိပ်ပေါ်တွင် ပါးပါးလိမ်းပေးပါ။
- (ဂ) ကလေး အညော်မိ၊ သန်ထ၊ သန်ဝမ်းသွား၊ ကျောက်၊ ဝက်သက်၊ ရေကျောက် ရောဂါများအတွက် မိခင်နို့ရည်ဖြင့် ဖျော်ပြီးတိုက်ပေးပါ။

(၉) မီးယပ်သွေးဝင်ပုပ်ခြင်းအတွက် အရွက်ကို ထန်းလျက်အနက်ရောင်ဖြင့် သုံးခွက်တစ်ခွက်တင်ကြို၍ သောက်ပေးခြင်းဖြင့် ရာသီသွေးပေါ်လာစေပါတယ်။ သားဖွားပြီးနောက် သားအိမ်ကိုက်ခဲခြင်းကိုလည်း ပျောက်ကင်းစေပါတယ်။

(၁၀) နို့တိုက်မိခင်များ နို့ရည်ခမ်းခြင်းအတွက် ကြိတ်မှန်ရွက်ကို ဟင်းခါးချက်၍ သောက်ပေးပါ။

(၁၁) အရေပြားပေါ်တွင် ရေယုန်ကြီးနာဖြစ်ပါက ကြိတ်မှန်ပင်၏ အမြစ်နှင့် နနွင်းမှုန့်တို့ကို ရေဖြင့်သွေး၍ နေ့စဉ် လိမ်းကျံပေးပါက ပျောက်ကင်းနိုင်ပါတယ်။

(၁၂) ကြိတ်မှန်ရွက်၊ နှမ်းနက်နှင့် ဆီးဖြူသီးခြောက်ကို အလေးချိန်တူယူ၍ အလေးချိန်သုံးဆ သကြားကိုထည့်ရော၍ အမှုန့်ပြုလုပ်ပြီး နေ့စဉ်မပြတ် မှီဝဲစားသုံးခြင်းဖြင့် သက်ရှည်ကျန်းမာ၍ အိုသောအဖြစ်မှ နွေးပါလိမ့်မယ်။

(၁၃) ကြိတ်မှန်ပင် အမြစ်နှင့် နနွင်းကို အရွယ်အစား အညီအမျှ အမှုန့်ထောင်းပြီး လိမ်းပေးပါက လိပ်ခေါင်းရောဂါ ပျောက်ပါတယ်။

(၁၄) ကာလသားရောဂါအတွက် ရှေးတိုင်းရင်းသမားတော်ကြီးများ၏ ဆေးဖော်နည်းဖြစ်ပါတယ်။ ကြိတ်မှန်ရွက်၊ ကြစုသီး၊ သစ်ဆိမ့်သီး၊ နှပ်ချိုမြစ်၊ ကြေးနီမှုန့်၊ သံမှုန့်တို့ကို အညီအမျှအလေးချိန်ယူ၍ မှုန့်ညက်အောင်ထောင်းပြီး အနာရှိရာလိမ်းပါက ပျောက်ကင်းစေပါတယ်။

(၁၅) အကျိတ်ရောဂါအတွက် ပင်စိမ်းရွက်၊ ရွှေဖြူရွက်၊ ဗုံလုံခါးရွက်တို့ကို အညီအမျှစီယူ၍ ၎င်းပမာဏ၏ သုံးဆမျှပိုသော ကြိတ်မှန်ရွက်သတ္တုရည်တွင်ရော၍ ကြိတ်ပြီးအတောင့်လုပ်ထားပါ။ ၎င်းအတောင့်ကို ဆန်ပုန်းရည်ဖြင့်ရောပြီးလိမ်းပါက အကျိတ်ရောဂါများကို လျင်မြန်စွာ ပျောက်ကင်းနိုင်ပါတယ်။

(၁၆) နေပူထဲအထွက်များ၍ ခေါင်းအုံ၊ ခေါင်းခဲကိုက်ခြင်းအတွက် ကြိတ်မှန်ရွက်သတ္တုရည်တွင် ဆိတ်နို့ကို ဆတူယူရောပြီး နေရောင်အောက်တွင် လှမ်းပါ၊ ပူနွေးနွေးရှိလာသောအခါ ရှူရှိုက်ပေးပါက ထိုရောဂါ ပျောက်ကင်းစေပါတယ်။

(၁၇) အသားဝါရောဂါအတွက် ကြိတ်မှန်ရွက် သတ္တုရည်ကို ပြုပ်ကောင်းမှုန့်ရော၍ နံနက်စောစောတွင် ဒိန်ရည်ဖြင့်သောက်ပါ။ ခုနစ်ရက်တိတိဆက်သောက်ပါက ပျောက်ကင်းသွားပါလိမ့်မယ်။ (သို့) အသည်းရောင်အသားဝါနှင့် အသည်းကြီးခြင်းအတွက်ကိုလည်း ကြိတ်မှန်ပင်ကို ကြိတ်၍ရလာသော သတ္တုရည် စားပွဲတင်ဇွန်းနှစ်ဇွန်းကို နေ့စဉ် မှန်မှန်သောက်ပေးခြင်းဖြင့် အသက်ချမ်းသာရာရစေပါတယ်။

(၁၈) ပြဒါးအဆိပ်သင့်ရောဂါအတွက် ကြိတ်မှန်ရွက်သတ္တုရည်၊ ပေါက်ပန်းဖြူရွက်သတ္တုရည်၊ ဆော်ဒါမှုန့်တို့ကို ဆန်ပုန်းရည်ဖြင့်ရောပြီး တစ်နေ့သုံးကျပ်သားခန့် သောက်ပေးပါက ပြဒါးများသည် ကျင်ငယ် (ဆီး) မှ သက်ဆင်းပျောက်ကင်းပါမယ်။

(၁၉) အဝလွန်၊ အဆီပိုနေသူများအတွက် နေ့စဉ် ညအိပ်ရာဝင်ချိန်တွင် ကြိတ်မှန်ရွက်သတ္တုရည်ဖြင့် ခန္ဓာကိုယ်ကို လိမ်းပေးပါ။ ခြောက်လတိုင်အောင် ဇွဲရှိရှိဖြင့် ပြုလုပ်ပေးခြင်းဖြင့် များပြားနေသောအဆီများ လျော့ပါးသွားပြီး အဆီကျိတ်များလည်း ပျောက်ကင်းနိုင်ပါတယ်။

(၂၀) ကလေးငယ်များ စအိုဝတွင် တုတ်ယားယံခြင်းအတွက် ကြိတ်မှန်ရွက်သတ္တုရည်ကို စအိုဝ၌ သုံးကြိမ် (သို့) လေးကြိမ်လူးပေးပါက ပိုးများကျဆင်းလာပါလိမ့်မယ်။

(၂၁) ကြိတ်မှန်ပင်တစ်ပင်လုံးကိုယူ၍ အရိပ်တွင်သွေ့စေကာ အမှုန့်ပြု၍ ထိုအမှုန့်ဖြင့် အလေးချိန်တူ တြိဖလ အမှုန့်ရောစပ်ပါ။ ထိုနှစ်မျိုးလုံး၏အလေးချိန်ဖြင့်ညီမျှသော သကြားအလေးချိန်ကိုယူပြီး အမှုန့်ပြုရောစပ်၍ ၎င်းအမှုန့် သုံးမတ်သားကို မှီဝဲစားသုံးခြင်းဖြင့် အစာမကျေ ရင်ပြည့်ရင်ကယ်ခြင်းနှင့် သွေးအားနည်းရောဂါတို့ ပျောက်ကင်းလာပါလိမ့်မယ်။

(၂၂) နိုင်ငံတကာ သုတေသနစမ်းသက်ချက်အရ ကြိတ်မှန်ပင်ဟာ ဇီတာမင်ကေ၏ အစွမ်းသတ္တိနှင့် တူညီပြီး သွေးတွင်းရှိ prothrob-obin ဓာတ်ကို မြှင့်တင်ပေးသဖြင့် သွေးတိတ်စေကြောင်း၊ ပိုးသတ်ဆေးအာနိသင်ရှိကြောင်း လေ့လာတွေ့ ရှိရပါတယ်။ ဒါကြောင့်လည်း ကြိတ်မှန်ပင်များကို မီးဖွားသည့်ကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ခွဲစိတ်ရာတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြပါတယ်။ ဒို့ပြင် ချောင်းဆိုးသွေးပါ၊ ဝမ်းကိုက်သွေးပါ၊ မီးယပ်သွေးများခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ လိပ်ခေါင်းသွေးယိုခြင်း၊ သွေးအန်ခြင်း၊ ဆီးတွင်သွေးပါခြင်း၊ ဒဏ်ရာသွေးထွက်ခြင်းတို့အတွက်လည်း ကြိတ်မှန်ပင်ကို သုံးနိုင်ပါတယ်။

